# ကာကွယ်ရေးစာစောင်

တစ် လ တစ် ကြိမ် ထုတ် ဝေ သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ကာကွယ်ရေးဝန်ကြီးဌာန

အတွဲ (၁)၊ အမှတ် (၄) | office@modnugmm.org | မတ်လ (၁)၊ ၂၀၂၅ ခုနှစ်


# တိုက်ပွဲကွပ်ကဲမှုနှင့် တိုက်စွမ်းအား



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ကာကွယ်ရေးဝန်ကြီးဌာန
office@modnugmm.org

# ကာကွယ်ရေးစာစဉ်

တစ် လ တစ် ကြိမ် ထုတ် ဝေ သည်။

## ပြည်သူ့ကာကွယ်ရေးတပ်မတော်၏ သစ္စာအဓိဋ္ဌာန် (၄)ချက်

★ ငါတို့သည် ပြည်ထောင်စုနှင့်ပြည်ထောင်စုသားများအပေါ် သစ္စာစောင့်သိပါမည်။

★ ငါတို့သည်ဖက်ဒရယ်ဒီမိုကရေစီတိုက်ပွဲအတွင်း အသက်ပေးသွားခဲ့ရသည့် သူရဲကောင်းများကို သစ္စာစောင့်သိပါမည်။

★ ငါတို့သည် ပြည်သူလူထု၏ အသက်အိုးအိမ်၊ စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပါမည်။

★ ငါတို့သည် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးအတွက်ငါတို့၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါသည်။

## ပုံနှိပ်မှတ်တမ်း

**စတုတ္ထအကြိမ်**
မတ်လ၊ ၂၀၂၅ ခုနှစ်

**စီစဉ်သူ**
အာမိတ်

**အကြံပေးအယ်ဒီတာများ**
ကိုမြင့်ထက်အောင်၊ ကိုညီကျော်၊ ကိုမိုက်ကယ်လ်

**အယ်ဒီတာများ**
မိုးမြင့်ကျော်၊ အာမိတ်

**စာစစ်အယ်ဒီတာ**
မင်းချေ

**မျက်နှာဖုံးနှင့်အတွင်း ဒီဇိုင်း**
#JDZ

**သရုပ်ဖော်ပုံရေးဆွဲသူများ**
Kue Cool, Kyal Kyal, Way Eain, Mg Todd, 42

ကာကွယ်ရေးစာစဉ်

အတွဲ ၁၊ အမှတ်(၄)


# မာတိကာ


- **ကဗျာကဏ္ဍ** ၁
  ရဲဘော် - ရဲဘော်သတိုး
  ပုဝါပါးလေးမှချောင်းကြည့်ခြင်း - Guide Line
- **ဟာသကဏ္ဍ** ၃
  Cpကြက်နဲ့ ခါချဉ်ဥ - ရဲဘော်ဖရက်ဒီ
  အကြောင်းရင်း - လင်းထင်
- **အက်ဆေးကဏ္ဍ** ၄
  မင်းကို အိမ်မက်မက်တယ်။ ကိုယ်ကတော့ သတိရနေရုံပါပဲ - လူရောင်လွင်
  စကားပြောသော နေ့စွဲများ - ညီမာန်သျှင်း
- **ဝတ္ထုတိုကဏ္ဍ** ၇
  ဖြေဆေးမရှိသော ဒဏ်ရာ - မြရဲလွင်
  စက်ဘီးတစီး၊ လူနှစ်ယောက် - မေရီသော်
- **စစ်လက်နက်ကဏ္ဍ** ၁၀
  DJI Mavic 3 ( Multi-Copter)၊ DJI Mavic 3 Pro
  - အာကာကျော် (အမှတ်-၁ ၊ အထူးတပ်ရင်း)
  ပါရာမော်တာ စက်တပ်လေထီး (Paramotor) - ရဲဘော်အာကြီး
- **စစ်ရုပ်ရှင်အညွှန်း** ၁၃
  မိစ္ဆာများနဲ့ လမ်းလျှောက်ထွက်ခြင်း - ညီလင်းအိမ်
- **ဆောင်းပါးကဏ္ဍ** ၁၆
  တိုက်ပွဲကွပ်ကဲမှုနှင့်တိုက်စွမ်းအား - မိုးမြင့်ကျော်
  ဒရုန်းရန်မှကာကွယ်ခြင်း Defense Strategy For UAV - ပျံလွှား၊ အာကာကျော်
  ကိုငယ့်ထံအိတ်ဖွင့်ပေးစာ (၃) - ကိုလတ်
  နယ်မြေကို အချိန်ရှုထောင့်က ချဉ်းကပ်ခြင်း - ကျော်ဇောခိုင်





# ရဲဘော်

ရဲဘော်သတိုး

ခုခံတော်လှန်စစ်ကို အာဃာတတွေနဲ့ လုပ်လို့မရဘူး
ယုံကြည်ချက်နဲ့လုပ်ရမယ် ရဲဘော်
လက်ရှိအရှိတရားအပေါ်အခြေခံ ပြည်သူ့ထံမှာသစ္စာခံလို့
ပြည်သူသာအဓိကဆိုတာ သတိမလွတ်နဲ့ ရဲဘော်
ပုဂ္ဂိုလ်ရေးတည်ဆောက်နေတာမဟုတ်
တိုင်းပြည်ထူထောင်ရေးဆိုတာ နားလည်ထားရမယ် ရဲဘော်
တခါတလေ ကြောင်ဖြူတာမဲတာက အလုပ်မဟုတ်
ကြွက်သေတာကလိုရင်းဆိုပေမယ့် ဥပဒေမဲ့လည်းမဖြစ်စေနဲ့ ရဲဘော်
အလုပ်လုပ်ရင်းအခက်ခဲကြုံမယ် အကြပ်အတည်းကြုံမယ်
ဒီစိန်ခေါ်မှုကို ရဲရဲမှန်မှန်ကျော်ဖြတ် ရှေ့သို့ချီတက်လိုက် ရဲဘော်
ရည်ရွယ်ချက်နဲ့ရည်မှန်းချက်ကို လက်တွေ့ကျကျလုပ်ဆောင်ခြင်းနဲ့ပဲ
အကောင်အထည်ဖော်လို့ရမယ် ရဲဘော်
အချင်းချင်းလည်း သွေးမကွဲ ခွေးမဆွဲစေနဲ့ ရဲဘော်
ယူနစ်တခုတိုင်းအပေါ်မှာ အခြေခံ ခေါင်းဆောင်ရတဲ့တာဝန်ကို
မြဲမြဲစွာအာရုံစု ပြည်သူကို ဗဟိုပြုရမယ် ရဲဘော်
ပြည်သူကျွေးတဲ့ထမင်းကိုစား ပြည်သူ့ရေကိုသောက်
သစ္စာမဖောက်ဖို့အရေးကြီးတယ် ရဲဘော်
တောတောင်ကိုလှေ့လာ မြေမပိုင်ရင် စစ်မနိုင်ဘူး ရဲဘော်
စီမံခန့်ခွဲမှုဟာအခရာမို့ လက်မလွတ်စေနဲ့ ရဲဘော်
ချိတ်ဆက်မှုကို စည်းနှောင် ပူးပေါင်းမှုကိုထုတ်ပိုး
ဒီမိုကရေစီနဲ့လူ့အခွင့်အရေးပိုးတွေ တိုးပွားရမယ် ရဲဘော်
ဖက်ဒရယ်အပေါ်မှာ ဗဟိုပြု
ငါတို့ပြည်ထောင်စုကို ထူထောင်ရမယ် ရဲဘော်
နှစ်သစ်ကိုတော်လှန်ရေးရေစင်ပက်ဖြန်း
ပြည်သူတွေလန်းဆန်းရမယ် ရဲဘော်
ပြည်သူကိုယုံကြည် ပြည်သူကို ကိုးစား
ငါတို့ခေါင်းဆောင်ပြောခဲ့သလို
ပြည်သူကိုအားထားရမယ် ရဲဘော်
ပြည်သူသာအမိ ပြည်သူသာအဖမို့
စုပေါင်းအင်အားနဲ့ ကျော်ဖြတ်ရမယ် ရဲဘော်

( 1.1.2022) 10:20PM





GUIDE LINE

# ပုဝါပါးလေးမှ ချောင်းကြည့်ခြင်း

အစိမ်းရောင်ဂြိုလ်မှ   သတ္တဝါတစု
မောကြီးပန်းကြီး    အပြေးလာတိုင်နေပြီ
မမသန့်ရေ
ဘယ်သူက   တရားခံ
ဘယ်သူက  တရားလို
ဖြစ်ဖြစ်မြောက်မြောက်   ဖော်ပြမထား။
နှစ်ဦးစလုံးမှာ   လက်နက်ကိုယ်စီနဲ့
စကားလုံးတွေကျင်းတူး
အတူတူအိပ်မောကျနေတယ်။
ကတ္တရာလမ်းပေါ်ထက်က
အနာဂတ်တွေရောင်းနေတဲ့ ဆံပင်နီတာရဲလေးတွေအတွက်
ဘယ်သူ့မှာအပြစ်ရှိပါသလဲ  မမသန့်။
လေယာဉ်သံကို  နားစိုက်ရင်း
ကတုတ်ကျင်းတွေထဲက ညစ်ထေးထေးလွယ်အိတ်လေးက
မမသန့်ကို လှမ်းနှုတ်ဆက်တယ်။
အချစ်နဲ့ကမ္ဘာ အိုအောင်မင်းအောင် ပေါင်းရပါစေတဲ့။
ဘဝတွေ   အလောင်းအထပ်လုပ်ပြီး
အနာဂါတ်အကြောင်း စားမြုံ့ပြန်ကြရင်း
တကိုယ်ရည်အာသာဖြေလိုက်ကြပြန်ပြီ။
ဆုံးရှုံးသူတွေအတွက် ပိုင်ဆိုင်ခြင်းက စစ်ပွဲတဲ့
စိတ်ကူးယဥ်မှုတွေ ကြိုးမိန့်ပေးပြီး
အဝါရောင်နေကြာပင်လေး စိုက်ပျိုးခဲ့တယ်။
ဒီကမ္ဘာမြေမှာ   မွေးပါစေ။
ပျော်ရွှင်ပါစေ   မမသန့်ရေ။




ရဲဘော်ဖရက်ဒီ

# CP ကြက်နှင့်ခါချဉ်ဥ

ရွာတွေထဲ ကျနော်တို့ စဆင်းခါစအချိန်တုန်းက အရပ်ဝတ်နဲ့ဆင်းပြီး ရွာအခြေအနေကို တီးခေါက်ကြည့်ရတယ်။ တော်လှန်ရေးအပေါ် သဘောထား ဘယ်လိုရှိလဲ ဘာညာပေါ့။ ဆိုင်လေး တဆိုင်ဝင်ပြီး မုန့်စား အကဲခတ်နေတုန်း ရွာက အဒေါ်ကြီးတွေက ကျနော်တို့ အကြောင်း ပြောနေကြတဲ့ စကားကိုကြားရတယ်။

"ဟဲ့ ရွာထိပ်တောစပ်မှာ Pdf ဆိုလား CP ကြက်ဆိုလား အဲဒါကြီး တွေ ရောက်နေတယ်တဲ့။ အဲ့ဖက် မသွားကြနဲ့နော် သေနတ်ကြီးတွေနဲ့တဲ့"

ကျနော်တို့မှာထသီး မတတ်ဘဲ ရယ်မိတယ်။

CPကြက်တော့မဟုတ်လောက်ပါဘူး အန်တီရဲ့ လို့ပြောတော့ ငါတို့လည်း မခေါ်တတ်ပါဘူးအေ အမေစုအဖွဲ့တွေ ထင်တယ်တဲ့။ အမေစုအဖွဲ့တွေ လည်း မဟုတ်လောက်ပါဘူး လို့ ထပ်ပြောရင်ပိုရှုပ်မှာမို့ ရယ်ပဲရယ်နေမိတယ်။

နောက်တော့ အုပ်ကြီးတွေနဲ့ ချိတ်ဆက်ပြီး အလုပ်လုပ်ရတယ်။ တနေ့ကျ အုပ်ကြီးကို ရဲဘော်တွေ စားနပ်ရိက္ခာအတွက် အကူအညီတောင်းရတယ်။ ကျနော်တို့က အဲတုန်းက ထမင်းထုပ်ကို ခါချဉ်ဥ လို့ ခေါ်ကြတယ်။ အုပ်ကြီးကို ကျနော်တို့က စကားပါးလိုက်တယ်။ အုပ်ကြီးရေ ခါချဉ်ဥ အထုပ်၄၀လောက် ကူညီပါဦးလို့။ အုပ်ကြီးက အေးအေးတဲ့ ပြောပြီးပြန်သွားတယ်။ ဟာ ဒီအုပ်ကြီးက မိုက်တယ်ဟ ပြောတာနဲ့တန်းရတာပဲလို့ ထင်ပြီး အထင်ကြီးမိသွားတယ်။ တရက် နှစ်ရက် အုပ်ကြီးပျောက်သွားတယ်။ နောက်ကျ ပြန်လာတယ်။ လက်ဗလာနဲ့။ အုပ်ကြီးရေ ဘယ်မလဲ ခါချဉ်ဥဆိုတော့ ဆရာတို့ရယ် အားတော့နာပါတယ်။ ပြောရင်လည်း ခံရမှာပဲ။ ထမင်းပို့ဆို ပို့ပေးမယ်ဗျာ အထုတ် ၄၀ မကလို့ ၁၀၀ ဖြစ်ဖြစ် ခါချဉ်ဥကြရှာရတာ မလွယ်ဘူးဗျ တတောလုံး လည်းနှံ့နေပြီတဲ့။ ကျနော်တို့မှာ ရယ်မိတာ မျက်ရည်တောင်ထွက်တယ်။

အုပ်ကြီးရယ် ခါချဉ်ဥ ဆိုတာ ထမင်းထုတ်ကိုပြောတာပါဗျာ ဆိုတော့ အုပ်ကြီးက ရှက်ကိုးရှက်ကန်းနဲ့ စောစောကတည်းက ထမင်းထုပ်လို့ ပြောပါလား ရဲဘော်တို့ရယ်တဲ့။

အမှတ်တရ ဟာသတွေပါပဲ။

လင်းထင်

# အကြောင်းရင်း

ကျွန်ုပ်၏မိတ်ဆွေ တပ်မှူးတယောက်က သူ့ ရဲဘော်များ တိုက်ပွဲတွင် မည်မျှရဲဝံ့စွန့်စားကြောင်း ပြောပြသည်။

"ကျွန်တော့်ကောင်တွေဗျာ.. အရမ်းရဲတာ"

"အင်း"

"ခွေးတွေ စစ်ကြောင်းထိုးလာပြီကြားရင်ကို တကြွကြွနဲ့"

"ဟုတ်"

"စခန်းသိမ်း ကျားထိုးမယ်ဆိုရင် ရှေ့ဆုံးကဗျ"

"တော်တော်ရဲတဲ့ ကောင်တွေပဲ"

"အဲဒီတော့ ဒီကောင်တွေ ဘာကြောင့် ဒီလောက်သတ္တိ ကောင်းရတာလဲ။ တော်လှန်ရေးအပေါ် ဘယ်လောက်ယုံကြည်မှု ပြင်းထန်လဲဆိုတာ သိရအောင် စုံစမ်းကြည့်တယ်"

"အင်း..အဲဒီတော့ ဘာတွေ့ရလဲ"

"ဘယ်ဟုတ်မလဲ။ တဖွဲ့လုံး စော်ပစ်ကောင်တွေ ဖြစ်နေတာဗျ"






လူရောင်လွင်

# မင်းကိုအိမ်မက်မက်တယ် ကိုယ်ကတော့သတိရနေရုံပါပဲ...

ရုပ်ရှင်ရုံထဲက ထွက်လာတုန်းက အေးစက်နေတဲ့ ကိုယ့်လက်ဖဝါးတွေကို မင်းက ဆုပ်ကိုင်ထားတာ၊ မှတ်မိနေသေးတယ်။ အခုနောက်ပိုင်း ကိုကာကိုလာ သောက်ရင် အဲဒီ့အရသာကို ခံစားမိတဲ့အထိပဲ။ မင်းဆီမှာ၊ အဲဒီ့တုန်းက ဆံချည်မျှင်တွေကို ပွတ်သပ်မိရင်တောင် တော်လှန်ရေး လို့ မြည်နေမယ် ထင်တယ်လို့ ကိုယ်ပြောတော့ မင်းက ရယ်တယ်။

ကျမ သိပ်မုန်းတဲ့ အဆံချောင် ဘူထွားကြီးတော့ ဖြစ်မလာဘူးမလားလို့ မင်း ပြောတာကို၊ ကိုယ် အခုထိ ကျိန်စာတခုလို သတိရတယ်။ ကိုယ်လည်း ဘာဖြစ်လာလဲ မသိတော့ပါဘူး။ မင်းမကြိုက်တဲ့လူတယောက် ဖြစ်မလာဘူးလို့တော့ ကိုယ်ထင်တယ်။ ကံကြမ္မာ ဟာ ကိုယ်တို့ဆီမှာ မရှိတော့တာ ကြာပြီပေါ့လို့ ပြောတုန်းက မင်းက မယုံဘူး။ ခပ်သော့သော့ ကလေးရယ်တယ်။ ဟင်နရီ မီလာရဲ့ The Tailor Shop ဆိုတဲ့ စာအုပ်မှာ မင်းက မင်းလက်မှတ်လေး ထိုးပြီး လက်ဆောင်ပေးခဲ့တာ မှတ်မိသေးလား။ ကိုယ့်ဆီမှာတော့ အခု မရှိတော့ဘူး။

ကိုယ်တို့ နောက်ဆုံးတွေ့ခဲ့တဲ့နေ့တုန်းက မင်းရဲ့ဂုတ်ပိုးလေးကို ကိုယ် ခဏခဏ ငေးကြည့်နေမိတယ်။ မင်းက အရှေ့က ရေပြင်ကျယ်ကို ငေးလို့။

ကိုယ်၊ အဲဒီ့ကာလတွေတုန်းက အသံလွှင့်ရုံက သတင်းတင်ဆက်တဲ့ကောင်မလေးနဲ့ တွဲနေခဲ့တာ။ ၂၀၁၉ ဟာ ကိုယ်တို့ဘဝတွေရဲ့ expired date ပဲလေ။ မင်းနဲ့ကိုယ် အဲဒီ့ကာလတွေမှာ သိပ်မတွေ့ဖြစ်ကြဘူး။ အဲဒီ့ သတင်းတင်ဆက်တဲ့ ကောင်မလေးက ကိုယ့်ကို ခဏခဏ မင်းအကြောင်းမေးတယ်။ အခုထိပဲ။ ကိုယ်နဲ့သူ လမ်းခွဲခဲ့တာကြာပြီ။ ထူးဆန်းတယ်။ သူက ကိုယ့်ကိုရော မင်းကိုရော သတိတရရှိနေတုန်းပဲ။

သူကမင်းကို အိမ်မက်မက်တယ်တဲ့။ ခပ်ပေါပေါ အိမ်မက်တခုပါပဲ။ ကိုယ်တို့သုံးယောက် မြစ်တခုထဲကို ဆင်းသွားပြီး ပြန်တက်လာတော့ မင်းမပါတော့ဘူးဆိုတဲ့ အကြောင်း။ မင်းတခုခု ဖြစ်သေးလားလို့ ကိုယ့်ကိုသူက စာပို့သေးတယ်။ အဲ့တုန်းက ကိုယ်နဲ့မင်း သိပ်စကားမပြောဖြစ် ကြတော့ဘူး။ မင်းက တချို့အခွင့်အရေးတွေအတွက် တိုက်ခိုက်နေတာ မြင်ရတော့၊ ဩော် မင်းက အဲဒီလိုဘဝမျိုးအတွက် သီးသန့်မွေးဖွားလာတာပါလားလို့ တွေးမိတဲ့အထိ ကိုယ့်မှာဂုဏ်ယူ နေမိတယ်။

ကိုယ် နေမကောင်းဖြစ်သေးတယ်။ အသဲ ကြီးနေတာတဲ့။ ရယ်တော့ ရယ်ရတယ်။ အသဲကြီးတာ မကောင်းဘူးလား ဆရာလို့ ပြောတော့ ကိုယ့်ကိုကြည့်ပေးတဲ့ ဆရာဝန်က စိတ်ဆိုးသေးတယ်။ အခုတော့ အဆင်ပြေနေပါပြီ။ မင်းအကို ဝမ်းကွဲ နဲ့ ဒီဖက်ဒေသတွေမှာ တွေ့တော့ ကမ္ဘာကြီးဟာ ကျဉ်းကျဉ်းလေးပါလား ဆိုတာ ကိုယ်သိလိုက်ရတယ်။ မင်းနဲ့ ကိုယ် ပြန်မတွေ့သေးတာက လွဲလို့ပေါ့။

အခုဆို ကိုယ်တို့ဆီမှာ အရမ်းအေးနေပြီ။ နှလုံးသားတွေဟာ အေးလွန်းလို့ ကျောက်ခဲတွေလို မာကြောသွားရင်ကောင်းမယ်လို့ ခဏခဏတွေးမိတယ်။ သွားတွေကို သန့်သန့်ရှင်းရှင်း မထားဖြစ်တာလည်း ကြာပြီ။ အဲ့တော့ သိပ်လည်း အရယ်အပြုံးမလုပ်ဖြစ်ဘူး။ ကိုယ် ဒီနေရာမှာ ရှိနေတာ၊ မှန်ရော မှန်ရဲ့လားဆိုတဲ့ အတွေးဟာ ခဏခဏ ဝင်လာတယ်။ မင်းလို မပြတ်သားနိုင်တာကို သိရင် အလကား အသုံးမကျတဲ့ ဘူထွားကြီးလို့ ပြောမလား မသိဘူး။

အသံတချို့နဲ့ အမြင်တချို့ကနေ ကြားနေရတဲ့ ဘဝတွေဟာ ကိုယ့်တကိုယ်လုံးမှာ မွှားတွေလို ညညဆို တက်တက်လာတာပဲ။ ကိုယ် အဲ့လိုညတွေဆို လန့်လန့်နိုးတယ်။ စာအုပ်တွေ မဖတ်ဖြစ်ဘူး။ အခုဆို မင်းကို ကိုယ် သိပ်သတိရနေတာ။ အဲ့တုန်းက အတူတူကြည့်ခဲ့ကြတဲ့ ရုပ်ရှင်ကို မနေ့က ထပ်ကြည့်မိသေးတယ်။

တကယ်တော့လည်း သတိရစိတ်ဟာ မှော်ဂါထာတခုလိုပဲထင်ပါတယ်။

တချို့အချိန်တွေမှာ ကိုယ့်ကိုကာကွယ်ပေးပြီး တချို့အချိန်တွေမှာ ကိုယ်ဟာပျက်ဆီးကြေမွ သွားတတ်တယ်။

အမှတ်တရလို့ ပြောလိုက်ရင် ဒီနေ့ ညနေတောထဲရောက်ပြီး နောက်နေ့ အိမ်သာကျင်းတူးရတာက အမှတ်တရပေါ့။ ပိုမှတ်မိစေတဲ့ အကြောင်းအရာက အဲ့ဒီနေ့က မွေးနေ့လေ။ စိတ်တခုထဲနဲ့ သာ ရောက်လာတာ လုပ်မှလုပ်နိုင်ပါ့မလား ဆိုတဲ့ အတွေးတွေကို အဲ့ဒီစိတ်ကပဲ ဦးဆောင်ခေါ်ပြီးလုပ်သွားတယ်။

လေးနာရီခွဲရင် အိပ်ယာထ ဆိုတဲ့အသံက မကြားချင်ဆုံးဖြစ်ပေမယ့် မသိချင်ယောင်ဆောင်လို့မရဘဲ အသည်းအသန်ကုန်းရုန်းထခဲ့ရတဲ့နေ့ရက်တွေ။ တရက် နှစ်နပ်တဲ့ "တိုင်းပြည်နှင့် ပြည်သူလူထုက ကျွေးသော ဤထမင်းနှင့်ဤဟင်းကို စားသုံး၍ တိုင်းပြည်နှင့်ပြည်သူလူထု၏ အကျိုးကို သယ်ပိုးဆောင်ရွက်ပါမည်ဟု သစ္စာအဓိဋ္ဌာန်ပြုပါသည်။ ဘာနှင့်ပင် စားရစားရ မငြိုငြင်ပါ" သစ္စာအဓိဋ္ဌာန်ရွတ်ပြီးတာနဲ့ ခေါင်းမဖော်စတမ်း လွေးတော့ပဲ တကယ်ဘာနဲ့ပင်စားရစားရ မြိန်နေတာပါ။ တခါက ထမင်းစားဆောင်ထဲ စကားပြောသံတွေ ဆူလို့ဆိုပြီး ထမင်းစားပြီးတာနဲ့ ပန်းကန်နဲ့ဇွန်းကို ကိုက်ပြီး စစ်ရေးပြကွင်းထဲ သုံးပတ် ဘဲသွားတဲ့ အီစိမ့်လို့ပါပဲ။

ပြန်ပြောရင် တချို့ မယုံနိုင်မယ့် အကြောင်းအရာတွေလည်း ပေါပေါများများပဲ ငါတို့တဦးချင်းစီ သယ်ပိုးနေတဲ့ အလေးချိန်ကအနည်းဆုံး အချိန်(၂၀) လေးတယ်ဆိုတာမျိုး။ အမှုန်အမွှားတွေ ဖောဖောသီသီနဲ့ နောက်ချေးနံ့ နံတဲ့ရေကို ထမင်းဟင်းချက် မတ်ခွက်နဲ့ထမင်းစား အဲ့ဒီခွက်ကို ရေကျင်းပြီးသောက်လိုက်ရင် ခွက်လည်းဆေးပြီးသား ဖြစ်သလို ရေလည်သောက်ပြီးသား ဖြစ်သွားတဲ့ နေ့ရက်မျိုးတွေပေါ့။

အဖွဲ့ထဲကြည့်လိုက်ရင်လည်း




## စကားပြောသော နေ့စွဲများ

ညီမာန်သျှင်း

ဘုန်းကြီးလူထွက်တွေ၊ CDM ဝန်ထမ်းတွေ၊ စတစ်ကော်လံလေးဝတ် (၉)နာရီရုံးတက်၊ (၄)နာရီရုံးဆင်းနဲ့ သာယာနေတဲ့ကောင်တွေ၊ ပုံမှန်ဆို ကျောင်းပြေးပြီး ဘီယာဆိုင်နဲ့ ကေတီဗီ ရောက်နေတဲ့ ကောင်တွေ ၊ COC၊ PUBG ပစ်နေတဲ့ ကောင်တွေ ၊ အရက်သမားတွေ လူစုံပါပဲ။ အဲ အဲဒီထဲမှာ မြန်မာ့ရုပ်ဝန်းကြီးရဲ့ အရုပ်စကားနဲ့ပြောရရင် လူဆိုးတွေအများသားလို့ ဆိုရမလားပဲ။

ဟုတ်မဟုတ်တော့ မသိပေမယ့် အိမ်ပြန်ရောက်ရင် အဖေနဲ့အမေကို တော်လှန်ရေးထမင်းဟင်း ကိုယ်တိုင်ချက်ကျွေးဦးမယ့် လူငယ်တွေလည်း အများသား။ တခါတခါ အိမ်ကိုမုန့်ဖိုးလှမ်းတောင်း နေတာတွေများလို့ တားနေရတာကတော့ လက်ရှိကာလပေါ့။

ဒီအကြောင်းတွေ ပြန်တွေး ပြန်ပြောဖြစ်ရင် မပါမဖြစ်ပါရမှာက ကိုမိုးကြီးနဲ့ကိုဖက်တီး အကြောင်းပေါ့။ အသက်က(၄၀)ကျော် လူဖလံလေး။ လိတ်ခုတ်၊ ပလာတာ၊ ထပ်တရာ အကုန်ရတယ်။ စတေကာလုပ်ငန်း ကျွမ်းကျင်တယ်။ အရက်သောက်ရတာ စောက်ရမ်းကြိုက်တဲ့ ဘဲကြီး။ အရက်ခိုးသောက် တာများပြီး ဆူခံရ ၊ အပြစ်ပေးခံရလည်း ကြည်ကြည်ဖြူဖြူ အပြစ်ခံလို့ အသောက်နားသွားလိုက် ပြန်ခိုးသောက်လိုက်နဲ့ပေါ့။

တနေ့ သူကိုယ်တိုင် အရက်လျှော့သောက်တော့မယ်၊ အရက်ဖြတ်မယ် ဖြစ်လာတယ်။ အကြောင်းက လူငယ်တွေကိုလုပ်ပြချင်လို့ လိုက်လုပ်စေချင်လို့တဲ့။ တကယ်လည်း RPG ကိုထမ်းပြီး မညီးမငြူ လုပ်တော့တာပဲ။ သေတနေ့မွေးတနေ့မို့ ဒီဘဝတော့ ဒီရုပ်နဲ့ဒီခန္ဓာကို အနာဂတ်မျိုးဆက်တွေ အတွက် သဂြိုလ်ဖို့ဆုံးဖြတ်

ပြီးသားတဲ့။

(၁၃-၁၁-၂၀၂၄)ရက်နေ့ လားရှိုးမြို့ (၅၀၇)တပ် ကုန်းသြောင်စခန်းကုန်းကို ဝင်တိုက်ဖို့အမိန့်ကျတယ်။ တိုက်ပွဲစပြီး သိပ်မကြာခင်မှာပဲ ကိုမိုးထိသွားတယ်တဲ့ ။ စကားပြောစက်ကနေ ကြားကြားချင်းပဲ ကျွန်တော်အပြေး အလွှားပဲသွားခဲ့တယ်။ ကိုမိုးလို့ ခေါ်လိုက်တော့ လက်မလေးထောင်ပြရှာတယ်။ သံခမောက်မပါတဲ့ ဦးခေါင်းမှာတော့ သွေးတွေရွှဲလို့ပေါ့။ လက်နက်ကြီးထိတာတဲ့။

အဲ့ဒီအချိန်တုန်းက အဖွဲ့ကို ကိုဖက်တီးမရောက်သေး။ ရောက်တော့လည်း တော်လှန်ရေးနာမည်က ဖက်တီးတဲ့ အရပ်မြင့်မြင့် လူကောင်တုတ်တုတ်နဲ့ပေါ့။ အရပ်ထဲ ကလေးရှိတဲ့အိမ်က တီတီတာတာနဲ့ ဆည်းလည်းသံလေးကြားရသလိုဆိုပြီး ပြောကြသလို သူရောက်တဲ့အစုအဖွဲ့က မိုးလင်းတာနဲ့ စကားတွေမြိုင်မြိုင်ဆိုင်ဆိုင်ကြားရ ရယ်လိုက်ကြ ငြင်းလိုက်ကြနဲ့ လူချစ်လူခင်ပေါတဲ့ သာယာတဲ့ရပ်ဝန်းကြီး။

ဒီလိုနဲ့ တိုက်ပွဲတွေပြန်စတယ်။ တော်လှန်သောကာလတလျှောက်မှာ ဒီပွဲကအကြားဆုံးလို့ပြောလို့ရတဲ့ လားရှိုးမြို့ (၆၈)တပ် လက်ဖက်ခြံစခန်းကုန်းပေါ့။ စကစဘက်က ကောင်တွေက ဆေးချ၊ ဆေးကြောင်ပြီး ကောင်းကောင်းတောင့်ခံ နေတာ ရက်လည်းကြာလာသလို အထိအခိုက်ကလည်း သူ့ဘက်မှာရော ကိုယ့်ဘက်က မဟာမိတ်အဖွဲ့တွေမှာရော အများသား။

(၁၆-၇-၂၀၂၄) ရုတ်တရက်အပစ်ရပ်ကြပြန်တယ်။ ကိုယ်လည်း ထောက်ပို့အတွက် နောက်တန်းကို လိုအပ်တဲ့ ပစ္စည်းတွေယူဖို့ သွားခဲ့တယ်။ စစ်ကလည်းနည်းနည်းငြိမ်နေသလို ကိုယ့်ကောင်တွေလည်း ပင်ပန်းနေတဲ့အတွက် ဖျော်ရည်တွေ မုန့်တွေဝယ် ဘီယာလေးတဗူး နှစ်ဗူးလောက်ဝယ်တိုက်ပါဦးမယ်ဆိုတဲ့ အတွေးတွေနဲ့ အထုပ် အပိုးတွေနဲ့ပေါ့။

အရာရာဟာ ပြင်ဆင်သလိုမဖြစ်တာ ဘဝပဲလား။ ကိုဖက်တီး ကျသွားပြီတဲ့ ။ ရောက်ရောက်ခြင်း ရင်ဝကို ဆောင့်ကန်လိုက်တဲ့ စကားလုံးတွေ ။" ဟာ အပစ်ရပ်ထားတယ်ဆို "ဆိုတော့ "ဟုတ်တယ် ခွေးဘက်က ကျုံလာတဲ့ ကောင်တွေနဲ့ ထိတွေ့မှုဖြစ်တာ"တဲ့။ "ကျည်ကာ "ဆိုပြီးစမိတဲ့စကားကို ကိုယ်ကိုတိုင်ပဲ ပြန်ရပ်ပလိုက်တယ် Vest သာရှိပြီး ရဲဘော်တိုင်းမှာ အထဲကကျည်ကာပြားက မပါဘူးမဟုတ်လား။ အဲဒီထဲ ကိုဖက်တီးလည်း အပါအဝင်ပေါ့။

သင်သွားလိုရာသွားနိုင်ပြီဆိုတဲ့ အမိန့်ပြန်တမ်းနောက်မှာ ကျန်ရစ်သူ ညီအကိုမောင်နှမတွေက တာဝန်တွေ နှစ်ဆထမ်းဖို့ ကြိုးစားရင်း။

"ကိုယ့်ဆန္ဒနဲ့ကိုပါ
ချွေးနဲ့ပဲဖြစ်ဖြစ် သွေးနဲ့ပဲဖြစ်ဖြစ်
ပြုစုယုယချင်တဲ့
မျိုးစေ့အမှန်နဲ့ ပန်းပျိုးခင်းပါ
နောင်တချိန် ဘုရားမှာပဲလှူချင်လှူ
ခေါင်းမှာပဲ ပန်ချင်ပန်ပေါ့
ဒီလောက်ပါပဲ။"

( စစ်အာဏာရှင်စနစ်ကျဆုံးရေး အတွက် ရှုံ့ရှုံ့ချွန်ချွန် တိုက်ပွဲဝင်ရင်း အသက်ပေးလှူသွားခဲ့သည့် ကိုမိုးကြီးနှင့် ကိုဖက်တီး အား သတိတရ ဦးညွှတ်စွာဖြင့်)

# စက်ဘီးတစီး လူနှစ်ယောက်

မေရီသော်

ကိုပေါက်စ အကြံအိုက်နေပြီ။

ဆရာမလေး မှာလိုက်တာက အထုတ် ၁၀၀။ အခုက အထုတ် ၄၀ စွန်းစွန်းပဲ ဝယ်လို့ရသေးတယ်။ သေချာတာတော့ ဒီရွာမှာလည်း တခြားဆိုင်ရယ်လို့ မရှိတော့ဘူး။

ကိုပေါက်စလည်း စိတ်ညစ်ညစ်နဲ့ ဘာလုပ်ရမလဲ ထိုင်စဉ်းစားနေတုန်း သည်လူက စက်ဘီးတစီးနဲ့ ကိုပေါက်စရှေ့ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ချလာခဲ့တာပဲ။

ကိုပေါက်စ တမင် ဆိုင်ကယ်ယူမလာခဲ့တာက မနေ့ညက မိုးကြီးသည်းသည်းရွာထားလို့ရယ်။ မိုးကြီးတဖြန်နဖြန်ရွာပြီးသွားမှ မိုးအခါဝင်ကြောင်း သေချာတာလို့ ကိုပေါက်စတို့ဒေသမှာ ပြောလေ့ရှိကြတယ်။ ကိုပေါက်စလည်း သိပ်မဝေးတဲ့ တဖက်ရွာတင်ဆိုတော့ ခြေကျင်ပဲထွက်လာခဲ့လိုက်တာ။ မဟုတ်လည်း ရွှံ့ရှန်းရမှာကိုး။ လမ်းက စပါးခင်းတွေကြားက မြေလမ်းလေးဆိုတော့ အမြဲစိုစိနေတတ်တဲ့အပြင် မိုးရွာထားရင် ဗွက်ထကရော။ ဗွက်ထတဲ့လမ်းပေါ် နွားတွေ ဖြတ်သွားပြီးရင်ဖြင့် ဆိုင်ကယ်ဆိုတာ မောင်းလို့ကို မရတော့။ မောင်းလို့မရပုံကလည်း ဆိုင်ကယ်ဘီးတွေနဲ့ ဘော်ဒီကြားမှာ ရွှံ့စေးတွေ အခဲလိုက် ညပ်ပါလာပြီး ဘီးတောင် မလည်နိုင်တော့တာမျိုး။ ရှေ့ကို မရောက်တော့တာ။

ဒီတော့ ကိုပေါက်စတို့ ရွာနီးချုပ်စပ်က မိုးရွာပြီးပြီးချင်းဆို ခရီးသိပ်မသွားကြဘူး။ မဖြစ်မနေမို့ သွားရလည်း မဝေးရင် ခြေလျင်ပဲ။ ဆိုင်ကယ်နဲ့သွားရင်




လူပိုပင်ပန်းပြီး လှည်းနဲ့သွားရင်လည်း နွားတွေ ပင်ပင်ပန်းပန်း ရုန်းရတာကိုး။ ရွာက နည်းနည်းခေါင်ပြီး လမ်းလည်း ဒီတလမ်းပဲ ရှိတော့ မတတ်နိုင်ဘူးပေါ့။

တိုင်းပြည်ကလည်း မတည်မငြိမ်ဖြစ်နေတော့ ဒီလမ်းကို ဘယ်သူလာပြင်ပေးမှာလဲဆိုတာ ဘယ်သူ့ကို သွားမေးရမှန်းလဲမသိ။ လမ်းက သွားလာမရအောင်ထိ ပျက်လာပြီဆိုရင်တော့ ရွာကလူတွေတောအလုပ်နားပြီး တရက်လောက်စုပြင်လိုက်ကြတာပဲရယ်။ တရွာလုံး ပိုက်ဆံပေါင်းပြီး လမ်းအသစ်လည်း မခင်းနိုင်တော့ မြေဖို့၊ ခဲဖို့လောက်ပေါ့။

"ကိုပေါက်စ၊ အထုတ် ၁၀၀ နော်။ တော် သယ်နိုင်ပါ့မလား။ ဆိုင်ကယ်မယူရင်တောင် စက်ဘီးတစီး လောက်ယူသွားပါဦး။"

မနက်က ဆရာမလေး ပိုက်ဆံပေးရင်းနဲ့ ပြောပေမယ့် ရွံ့မကြောက်တဲ့ ကိုပေါက်စတယောက် ဖိနပ်ခါးထိုးပြီး ခြေကျင်ပဲ ထွက်လာခဲ့လိုက်တယ်။ သွားရမယ့်ရွာကို မရောက်ခင်လေးမှာ ချောင်းအသေးလေးတခုက ရှိသေးတော့ စက်ဘီးထမ်းပြီး ဖြတ်ရဦးမှာနဲ့ ဝယ်ခြမ်းပြီးပြန်လာမယ့်အထုတ်နဲ့ နှစ်မျိုးဆိုရင် ရေထဲက ဖြတ်သယ်ဖို့ ပိုခက်ခဲမယ်လို့ ကိုပေါက်စက တွေးလိုက်တာကိုး။ မှာလိုက်တာ ဝယ်မယ် ပြီးရင် အဲ့အထုတ်ကိုပဲ သယ်ပြီး ပေါ့ပေါ့ပါးပါး ပြန်မယ်ပေါ့။

အခုကျ ဝယ်ရမယ့်ပစ္စည်းက ဆရာမလေး မှာလိုက်တဲ့ အရေအတွက်ထိ ဒီရွာမှာတင်မရတော့ တခြားရွာကို ဆက်သွားရတော့မယ်။ နောက်တရွာမှာတော့ သေချာပေါက် အကုန်ဝယ်လို့ရမှာပဲ။ ဒါပေမယ့် အဲ့ဒါက ရွာကြီးဖြစ်ပြီး ကိုပေါက်စ အခုရောက်နေတဲ့ရွာနဲ့ နည်းနည်းဝေးသေးတယ်။ ဒီရွာမှာ သူ့အသိမိတ်ဆွေကလည်း တယောက်မှ မရှိ။ ဒီလို စစ်တွေဖြစ်နေပြီး ဒုစရိုက်မှုထူပြောနေတဲ့ ကာလမှာ မသိတဲ့လူတယောက်ကို ဘယ်သူမှလည်း စက်ဘီး၊ ဆိုင်ကယ် ငှားလိုက်ချင်မှာ မဟုတ်ဘူး။

ကိုပေါက်စ ဒီရွာရဲ့ တဆိုင်ထဲသော လက်ဖက်ရည်ဆိုင်မှာ ကော်ဖီချိုချိုတခွက် ဝင်သောက်ရင်းနဲ့ ဆိုင်ရှင်ကို ခွင့်တောင်းပြီး အလာလမ်းတုန်းက ခြေထောက်မှာ ကပ်လာတဲ့ ရွံ့တွေကို ဝင်ဆေးလိုက်တယ်။

သူ ဝယ်ပြီးသလောက် အထုတ်ကို ကိုင်ပြီး လမ်းအတိုင်း ထွက်လာရင်း ရွာထိပ်က ဇရပ်ကတုံးမှာ ခဏ ဝင်ထိုင်တယ်။ နောက်တရွာထိ လမ်းလျှောက်သွားရင်တော့ မှောင်မှ ရွာပြန်လမ်းပေါ်ရောက်မှာ သေချာတယ်။ နေပူလာပြီဆိုတော့ ညနေ အပြန်နောက်ကျလေ၊ ချောင်းရေနည်းသွားလေ၊ ရွံ့လမ်းကလည်း သွေ့သွားပြီး ပြန်လို့ကောင်းလေ၊ ဖြစ်မှာပဲ။

ဆရာမလေးက အရေးကြီးတယ်လို့ ပြောပြီး အတိအကျ ဝယ်ခိုင်းလိုက်တာဆိုတော့ ဝယ်လို့ရသလောက်နဲ့လည်း ကိုပေါက်စက ပြန်မသွားချင်။ နောက်ဆုံးတော့ နောက်ကျလည်း ဘာအရေးလဲလို့ တွေးပြီး ဆိုင်စုံတဲ့ ရွာကြီးထိ လမ်းလျှောက်သွားဖို့ ကိုပေါက်စ ဆုံးဖြတ်လိုက်တယ်။ အဲ့ဒီအချိန်မှာ ကိုပေါက်စ ထိုင်နေတဲ့ လမ်းဘေးဇရပ်ရှေ့ကို စက်ဘီးတစီး ထိုးစိုက်ရပ်လာတာပဲ။ စက်ဘီးဆရာလူစိမ်းက သူ့စက်ဘီးကို မြေညီတဲ့နေရာမှာ သေချာဒေါက်ထောက်ရပ်လိုက်ပြီး ဇရပ်ထဲကို လှမ်းဝင်လာတယ်။ ဆောင်းထားတဲ့ ထန်းဖူးခမောက်ကို ချွတ်ရင်း စကားစတယ်။

"ဗျို့ ဆရာကြီးရေ၊ ×××××ရွာကို ဘယ်လောက်လိုသေးလဲဗျ"

သူမေးတာက ကိုပေါက်စတို့ရွာပဲဆိုတော့ ဝမ်းသာအားရ လမ်းညွှန်လိုက်တယ်။

"ဒီတရွာပြီး နောက်တရွာပဲဗျာ။ ရွာလယ်လမ်းအတိုင်း ဆက်သွားရင်း ဘုန်းကြီးကျောင်းနဲ့ ဘုရားဘေးက လမ်း

လေးအတိုင်း မြောက်ဖက်ကို ပြန်ထွက်ရမှာ။"

ကိုပေါက်စ လမ်းကို သေချာ ခြေဟန်လက်ဟန်နဲ့ ညွှန်းပေးလိုက်တော့ လူစိမ်းက သဘောကျသွားပုံပဲ။

"ကျေးဇူးပဲ ဆရာကြီး။ ဒါနဲ့ ခင်ဗျားက ဒီရွာကပဲလားဗျ။"

"မဟုတ်ဘူး။ ကျုပ်က ခင်ဗျား သွားမယ့်ရွာကို ပြန်ရမှာ။"

ကိုပေါက်စ ပြောလိုက်တော့ လူစိမ်းမျက်နှာ ပိုဝင်းသွားတယ်။

"အဆင်သင့်တာပေါ့ဗျာ။ ကျနော်က ခင်ဗျားတို့ရွာက ကျောင်းဆရာ ကိုအောင်ခန့် ဆီကို သွားမလို့ဗျ။ ခင်ဗျားလည်း ပြန်မှာဆို တခါတည်းလိုက်ခဲ့ပေါ့။ အတူတူ သွားကြမယ်လေ။"

ကိုပေါက်စ ခေါင်းကို ကုတ်ရင်း စဉ်းစားတယ်။ ဖြစ်နိုင်ရင် သူလည်း နောက်ကျမှာဆိုတော့ တယောက်တည်း မပြန်ချင်ဘူး။

"ဒီလိုဗျို့။ ကျုပ်က ဈေးဝယ်ရင်း လာတာ။ ရွာက ကျန်းမာရေးဆရာမလေး ဝယ်ခိုင်းလိုက်လို့။ ဒါပေသိ မှာလိုက်တဲ့ ပစ္စည်းက ဒီရွာမှာတင် အကုန်မရလို့ ဟိုဖက်တရွာထိ ထပ်ကူးရတော့မှာ ဖြစ်နေတယ်။ အဲ့တော့ ကျုပ်က အခု တန်းပြန်လို့ မဖြစ်သေးဘူး။"

လူစိမ်းက ကိုပေါက်စ ပြန်ပြောတာကို နားထောင်ရင်း လွယ်အိတ်ထဲက ဆေးပေါ့လိပ်တလိပ်ကို ထုတ်ပြီး မီးညှိနေတယ်။

"ကျနော့် စက်ဘီး ယူသွားဗျာ။" လူစိမ်းက အေးအေးဆေးဆေးပြောတော့ ကိုပေါက်စ စဉ်းစားရင်း ခေါင်းကုတ်နေတဲ့ လက်လည်း ရပ်သွားတယ်။ လူစိမ်းကို နားမလည်လို့ ပြန်မေးတယ်။

"ကျုပ်က ××× ရွာထိ သွားပြီး ဈေးဝယ်ရဦးမှာလေ။ ခင်ဗျားစက်ဘီးငှား သွားရင် ခင်ဗျားက ဘယ်လိုသွားမှာလဲ။"

လူစိမ်းက ဆေးလိပ်ငွေ့တွေ မှုတ်ထုတ်ရင်း ပြန်ဖြေတယ်။

"ကျနော်က ခင်ဗျား ဈေးဝယ်ပြီး ပြန်လာတာကို ဒီမှာ စောင့်မယ်လေ။ ပြီးမှ အတူတူ သွားကြတာပေါ့။"

ကိုပေါက်စ နည်းနည်းတော့ အံ့သြသွားတယ်။ လူချင်းသိဖို့နေနေသာသာ တခါမှ တွေ့ဖူးမြင်ဖူးတဲ့သူလည်း မဟုတ်။ ဥပမိပုံပန်းနဲ့ ပြောဟန်ဆိုဟန် ကြည့်ရတာ ဒေသခံတောင် ဟုတ်ပုံမရဘူး။ ဒါပေမယ့် သူ့စက်ဘီးကို ရက်ရက်ရောရော ငှားနေတယ်။ ကိုပေါက်စလည်း အခက်အခဲကြုံနေတဲ့အချိန်မို့ အားမနာတော့ဘဲ ကျေးဇူးတင်စကားကို အားရပါးရပြောလိုက်တယ်။ ပြီးတော့ စက်ဘီးနဲ့ နောက်တရွာကို တန်းထွက်ခဲ့လိုက်တော့တယ်။ လူစိမ်းကတော့ ထန်းဖူးခမောက်ကို မျက်နှာမှာ အုပ်ပြီး ဇရပ်ထောင့်တိုင်ကို ကျောမှီရင်း နေခဲ့တယ်။

ရွာကြီးဆိုတော့ ဆိုင်ကြီးတဆိုင်ပဲ ဝင်ရသေးတယ်။ လိုတဲ့ အရေအတွက် အကုန်ဝယ်လို့ရလိုက်တော့ ကိုပေါက်စ မြန်မြန်ပဲ ပြန်လာခဲ့လိုက်တယ်။ နည်းနည်းဝေးပေမယ့် စက်ဘီးကြောင့် အများကြီး အချိန်ကုန်သက်သာသွားတယ်။ စောစောက ရွာထိပ် ဇရပ်ကို ပြန်ရောက်တော့ လူစိမ်းက စောစောက နေရာမှာပဲ။ စာအုပ်တအုပ်ဖတ်ရင်း ဆေးပေါ့လိပ် ဖွာနေတာကို တွေ့ရတယ်။ ကိုပေါက်စ သယ်လာတဲ့အထုတ်ကို ကူချဖို့ ထလာမယ်လုပ်လို့ တယောက်တည်းနိုင်ကြောင်း လှမ်းပြောလိုက်ရသေးတယ်။

ကိုပေါက်စလည်း ဟိုဖက်ရွာ သွားဝယ်ရတဲ့အထုတ်နဲ့ စောစောက ဝယ်ထားပြီးသား အထုတ်ကို ဖွင့်တယ်။ အသင့်ယူလာတဲ့ ပီနံအိတ်(ဆာလာအိတ်) အသစ်တလုံးထဲမှာ ပလတ်စတစ်အကြည် ထပ်ခံပြီး အထုတ်တွေ အားလုံးကို ပေါင်းထည့်လိုက်တယ်။ ပြီးတော့ စနစ်တကျလေး ချည်ပိုးလိုက်တော့ အထုတ်ကြီး တထုတ်တည်းနဲ့ သယ်လို့ကောင်းသွားပြီ။ လူစိမ်းလည်း ဘာတွေလဲဆိုတာ စိတ်ဝင်စားသွားပုံရပြီး ထလာရင်း မေးတယ်။

"သြော် အမျိုးသမီး လစဉ်သုံး ပစ္စည်းတွေပါ။ မိုးတွင်းဆို ခင်ဗျားမြင်တဲ့အတိုင်း သွားရလာရခက်တယ်လေ။ လမ်းပန်းခက်တော့ ကျုပ်တို့ ရွာတွေထိ ကုန်စည်တွေ အရောက်မလာနိုင်ဘူး။ အဲ့တော့ ဆရာမလေးက ရွာက အမျိုးသမီးတွေအတွက် ဒီလို အမြဲ ဝယ်ထားပေးတတ်တယ်။"

လူစိမ်းက ခေါင်းတငြိမ့်ငြိမ့်နဲ့ နားထောင်နေတယ်။

ကိုပေါက်စတို့ရွာဖက်ကို ဦးတည်ပြီး အပြန်လမ်းစတော့ ချောင်းလေးကို အရင်ဖြတ်ရတယ်။ ရေစီးက မနက်က ကိုပေါက်စ ဖြတ်လာတုန်းကလောက်ထိ မရှိတော့ဘဲ တော်တော်ကျသွားပြီ။ ကိုပေါက်စလည်း အရွယ်အစားကြီးပေမယ့် ပေါ့ပါးတဲ့ အထုတ်ကို သယ်ပြီး ချောင်းကူးရတာဆိုတော့ အေးဆေးပဲ။ လူစိမ်းလည်း သူ့စက်ဘီးကို မ,ရင်း အတူတူ ဖြတ်လာတယ်။ နေ့ခင်းက နေအတော်ပူထားတော့ ရွှံ့လမ်းလည်း နည်းနည်းခြောက်ပြီး သွေ့နေသလို ဆိုင်ကယ်၊ စက်ဘီးအချို့ ဖြတ်ထားပြီးတဲ့ ဘီးရာတွေမြင်ရတယ်။

အခုထိ သေချာတောင် မိတ်မဆက်ရသေးလို့ ကိုပေါက်စက အရင် စကားစလိုက်တယ်။

"ခင်ဗျားက ဆရာလေးအောင်ခန့်ဆီသွားမှာဆိုတော့ ရန်ကုန်ကပဲလားဗျ။"

လူစိမ်းက စက်ဘီးကို တွန်းရင်း ကိုပေါက်စနဲ့ ဘေးချင်းယှဉ်လျှောက်လာတာ။ သူက ကိုပေါက်စကို ပြုံးကြည့်ရင်း ပြန်ဖြေတယ်။

"ဆိုပါတော့ဗျာ။ ဒါပေမယ့် စစ်ဖြစ်ကတည်းက ကျနော်လည်း နေရာစုံလွင့်နေတာပါပဲ။"

"နာမည်ရော ဘယ်လိုခေါ်တုန်း ဗျ။"

"နာမည်ရင်းကတော့ လူမော်ပါ။ ဒါပေမယ့် ကျနော့်ကို ဘော်ဒါသူငယ်ချင်းတွေ ရဲဘော်ရဲဘက်တွေကတော့ 'ဟစ်ပီ' လို့ ခေါ်ကြပါတယ်။"

"နာမည်က ဆန်းသားဗျို့။ တိုင်းရင်းသား နာမည်များလား။ အဖွဲ့အစည်းတခုခုထဲကလားဗျ။"

"မဟုတ်ပါဘူးဗျာ။ ကျနော်က ကဗျာလေးစာလေး မတောက်တခေါက် ရေးတဲ့ ကဗျာဆရာပါပဲ။"

ကဗျာဆရာဆိုတော့ ကိုပေါက်စလည်း သဘောပေါက်သွားပါတယ်။ သည်လူစိမ်းညှေ့သည် သွားမယ့် ကျောင်းဆရာကိုအောင်ခန့် ဆိုတာကလည်း စာသမားပေသမားကိုး။ ရန်ကုန်ကနေ ကိုပေါက်စတို့နယ်ဖက်ထိ ဝေးဝေးလံလံ တာဝန်ကျနေခဲ့တာ။

အာဏာသိမ်းတော့ ဆရာအောင်ခန့်လည်း ရန်ကုန်ကို မပြန်တော့ဘူး။ တခါတည်း စီဒီအမ်တန်းလုပ်ပြီး ရွာလူငယ်တွေနဲ့အတူ တက်တက်ကြွကြွကို လှုပ်ရှားခဲ့တာ။

ဒီဒေသတွေပါ စစ်မီးကူးတော့ ဆရာလေးကိုအောင်ခန့်ဆို အလုပ်တွေ များချက်ပဲ။ ရွာနားမှာ တိုက်ပွဲတွေဖြစ်ရင် ရွာကလူတွေလည်း လွတ်ရာကျွတ်ရာ သူများရွာတွေဖက် ပြေးရတယ်။ တခြားရွာတွေနားမှာ စစ်ရေးလှုပ်ပြီဆိုလည်း ကိုပေါက်စတို့ရွာကို ပြေးလာ ရှောင်လာကြရတာပဲရယ်။

ဆိုတော့ ရွာမှာ တစ်နယ်မဟုတ် တစ်နယ်က စစ်ဘေးရှောင်တွေလည်း ရှိနေတတ်တယ်။

ဒါပေမယ့် ဆရာလေးတို့ လူငယ်တစုရဲ့ လုပ်သင့်တာကို တက်တက်ကြွကြွ လုပ်ဆောင်မှုကြောင့် အခုဆို ရွာဟာ အရင်ကထက်တောင် ပိုပြီး စနစ်တကျဖြစ်လာသေးတယ်လို့ ကိုပေါက်စထင်တယ်။

တိုက်ပွဲတွေကို ကြုံကြုံခံရင်း ရွာနေ လူထုဟာ အရင်ကထက် ပိုညီညွတ်လာပြီး ပိုသန်မာလာကြတယ်။ ရွာရဲ့ အစိတ်အပိုင်းတွေဟာ စစ်မက်ဒဏ်ကြောင့် မီးလောင်ပျက်စီးခဲ့ရပေမယ့် ကိုယ့်အင်အားနဲ့ကိုယ် ပြန်တည်ဆောက်ခဲ့ကြတယ်။

လူမှုအဖွဲ့အစည်းတခုလုံးရဲ့ အသက်ရှင်သန်ရေးအတွက် ကြီးမားတဲ့ ခြိမ်းခြောက်မှုနဲ့ ကြုံတွေ့လာရတဲ့အခါ လူသားဆန်မှုဟာ လှလှပပ ရှင်သန်ဖူးပွင့်လာခဲ့တာပဲ။

အခုနောက်ပိုင်းဆို ကိုပေါက်စတို့ရွာကလေးမှာ စစ်မက်ဘေးကြောင့် အရပ်တပါးက တိမ်းရှောင်ပြေးလွှားလာရသူတွေကိုပါ စနစ်တကျ နေရာပေးစောင့်ရှောက်လာနိုင်ခဲ့တယ်လေ။

မီးလောင်သွားတဲ့ စာသင်ကျောင်းလေးကို ပြည်သူ့ကျောင်းအဖြစ် ရွာနေလူထုက တယောက်တလက်ဝိုင်းကူပြီး အစအဆုံး ပြန်တည်ဆောက်ခဲ့လိုက်တာ အခုဆိုရင် ကလေးတွေရဲ့ စာအံသံကို ပုံမှန် ပြန်ကြားနေရပြီ။

နှစ်ယောက်သား စကားပြောလိုက်၊ အတွေးကိုယ်စီနဲ့ လျှောက်လာလိုက်နဲ့ တဖြည်းဖြည်း ရွာဦးကို မြင်နေရပြီ။ ကိုပေါက်စလည်း ဆရာမလေးဆီကို အထုတ်ကြီးသွားပို့ရမှာမို့ ညှေ့သည်ကို လူစိမ်းအား နှုတ်ဆက်ပြီး ဆေးပေးခန်းဖက် ဆက်ထွက်လာခဲ့တယ်။ သူကလည်း စာသင်ကျောင်းဘယ်ဖက်မှာလဲလို့ ကိုပေါက်စကို မေးပြီး ဆက်သွားတယ်။

-----

ဒီလိုနဲ့ ၃ လလောက်ကြာသွားတော့ မိုးလေကင်းလွတ်လို့ ဆောင်းဝင်ကာစ လမ်းတွေပြင်ကြတဲ့ကာလတောင် ရောက်လာခဲ့ပြီ။

ကိုပေါက်စနဲ့ အရင်ဆုံးတွေ့ခဲ့ရတဲ့ ညှေ့သည်။ သူ့ဘော်ဒါတွေက 'ဟစ်ပီ'လို့ ခေါ်ကြတယ်ဆိုတဲ့ ကိုလူမော် တယောက်လည်း အခုဆိုရင် ဆရာအောင်ခန့်နဲ့အတူ စာသင်ကျောင်းမှာ ဝိုင်းကူရင်း ရွာမှာ အသားကျနေပြီ။ ကလေးတွေရဲ့ "မင်္ဂလာပါ ဆရာကြီး"လို့ နှုတ်ဆက်သံမှာ ပီတိဖြစ်တတ်နေပြီ။

ဒီနေ့က ကိုယ်ထူကိုယ်ထ လမ်းပြင်တဲ့နေ့ဖြစ်လို့ ရွာထဲက လူတွေ လမ်းတလျှောက် လုပ်အားပေးနေကြတယ်။

ဆရာလေးကိုအောင်ခန့်နဲ့ ကိုလူမော်ကိုလည်း ပေါက်ပြားကိုယ်စီနဲ့ ချွေးတလုံးလုံး တွေ့နိုင်မယ်။ ဆံပင်ရှည်ကြီးကို သေချာစီးနှောင်ပြီး အားနဲ့မာန်နဲ့ မြေကြီးကို ပေါက်နေတဲ့ လူမော့်နား ကို ပေါက်စ လျှောက်သွားတယ်။ လက်ထဲက မြေကြီးသယ်တဲ့တောင်းကို ပစ်ချရင်း ကိုပေါက်စ အားရပါးရ ထိုင်ချလိုက်တယ်။

"ခဏနားဦးလေ ဆရာဟစ်ပီ"

"အင်းဗျာ အရှိန်ပါနေလို့"

ပေါက်ပြားကို ခဏချပြီး လူမော်လည်း ကိုပေါက်စဘေးမှာ ဝင်ထိုင်တယ်။ မီးခြစ်ကမ်းပေးလိုက်တော့ နားရွက်ကြားမှာ ညှပ်ထားတဲ့ ဆေးပေါ့လိပ်တိုကို မီးညှိပြီး ဖွာတယ်။

"ခင်ဗျား ကျုပ်နဲ့အတူ ရွာလိုက်လာတဲ့နေ့ကို မှတ်မိလား ဆရာဟစ်ပီ"

ကိုပေါက်စက တချက်ငဲ့ကြည့်ရင်း စကားစတယ်။

"မှတ်မိတာပေါ့ ဘယ်လောက်မှ မကြာသေးဘူးလေ" လို့ လူမော် ပြန်ဖြေတယ်။

"အဲ့ဒီတုန်းက ကျုပ် ဆရာဟစ်ပီ့ကို ကျေးဇူးတင်စကား သေချာ မပြောလိုက်ရဘူး"

ကိုပေါက်စက ဆက်ပြောတော့ လူမော် ပြုံးတယ်။

"အခုမှ တွေ့ဖူးတဲ့လူကို စက်ဘီး ငှားလိုက်တာကိုလား။ ကိုပေါက်စ အဲ့ဒီ တုန်းက ကျနော့်ကို ကျေးဇူးတင်ကြောင်း ပြောခဲ့ပါတယ်။ မမှတ်မိဘူးလား။" လူ မော့်စကားအပေါ် ကိုပေါက်စ ခေါင်းယမ်း တယ်။

"မဟုတ်ဘူးဗျ။ ရွာထိ ပြန်လာတဲ့ လမ်းမှာ တယောက်တည်း စီးသွားနှင့်လို့ ရရဲ့သားနဲ့ ကျုပ်ကို စောင့်ပြီး စက်ဘီးကို တွန်းရင်း အတူတူလမ်းလျှောက်ပြန်လာ တာကို ပြောတာပါ။"

လူမော် မထင်မှတ်တဲ့စကား မို့ အံ့ဩသွားတုန်း ကိုပေါက်စက လေး လေးနက်နက် ဆက်ပြောတယ်။

"တခါတလေ စက်ဘီးငှား ပေးလိုက်တာထက် ကိုယ့်ကိုစောင့်ရင်း လမ်းအတူတူလျှောက်ပေးတာက ပို ကျေးဇူးတင်စရာကောင်းတယ်ဗျ။"

တိုသွားတဲ့ဆေးပေါ့လိပ်ကို မြေကြီးပေါ် ထိုးချေလိုက်ပြီး ကိုပေါက်စ ထသွားတယ်။

သူ့ကျောပြင်ကို လိုက်ကြည့်ရင်း ရွာလမ်းတဝိုက်မှာ တယောက်တလက် အလုပ်ရှုပ်နေကြတဲ့ ရွာသူရွာသားတွေကို လူမော် ဝေ့ကြည့်မိတယ်။

ဘေးချထားတဲ့ ပေါက်ပြားကို အားပြုပြီး လူမော် ထိုင်ရာက ပြန်ထ တယ်။

ချွေးစို့နေတော့ မြောက်ပြန်လေ တချက်အသွေ့မှာ ခန္ဓာကိုယ်က ချမ်းစိမ့် စိမ့် အအေးဓာတ်ကို ခံစားရတယ်။

ရင်ထဲမှာတော့ ပီတိအဟုန် ကြောင့် နွေးထွေးလို့ပါပဲ။

မေရီသော်




# DJI Mavic 3 ( Multi-Copter)

# DJI Mavic 3 Pro

အာကာကျော် - အမှတ်(၁) အထူးတပ်ရင်း

## အားသာချက်

Zoom 28 ရပြီး Convenience ဖြစ်ခြင်း၊ လွယ်ကူသက်သာပြီး ဝန်ပေါ့ပါးခြင်း။ Intelligence ဖြစ်သော ဘတ္တရီပါဝင်ခြင်း။

## အားနည်းချက်

ညအချိန်မောင်းနှင်၍ မရပါ။ ညအချိန်အခါ ပျံသန်းခြင်းသည် Jammer မိသောအခါ ကင်မရာမြင်ကွင်း မမြင်ရသဖြင့် ပြန်လည်ထိန်းချုပ်ဆင်းသက်ရန် ခက်ခဲခြင်း၊ တည်နေရာအား မသိရှိခြင်း စသည့် အကန့်အသတ်များစွာ ရှိသည်။

## ဖြစ်တတ်သည့် နည်းပညာ အမှားများ (Technical Error)

DJI ကုမ္ပဏီ၏ လုံခြုံရေး အကြောင်းပြချက်ကြောင့် DJI အကောင့်အား လစဉ်ပြန်ဝင်ပေးရန် လိုခြင်း။ ဒရုန်း နှင့် Radio Controller တွင်ထည့်သွင်း ထားသည့် DJI Account မတူညီပါက ဒ ရုန်းအား Binding ပြုလုပ်ရန် ခက်ခဲခြင်း နှင့် GPS Jamming ကြောင့် Altitude Mode ဖြစ်နေစဉ် ထိန်းချုပ်ဆင်းသက်ရ ခက်ခဲခြင်း။

## အသုံးချပုံ

Normal Voltage 15.4V, 5000 mAh Lipo ဘတ္တရီတစ်လုံးကို ပျံသန်းချိန် - ၄၀ မိနစ်အထိ ရရှိသည်။ သို့သော် ၄၀မိနစ်အပြည့် ကင်းထောက်လှမ်းနိုင်မည်မဟုတ်၊ အတက်၊ အဆင်း၊ အမြင့်၊ အကွာအဝေး၊ ရည်မှန်းချက်သို့ ပျံသန်းချိန်နှင့် ဘတ္တရီအနေအထားတို့အပေါ် မူတည်ပြီး ကင်းထောက်ချိန် မိနစ် ၂၀မှ မိနစ် ၃၀ အထိရရှိတတ်သည်။ ဘတ္တရီတလုံး အားသွင်းချိန် - ၄၅ မိနစ်မှ ၁ နာရီဝန်းကျင် အထိ ကြာမြင့်သည်။

## Mavic- 3/ Mavic 3 Pro ဖြင့် ဗုံးသီးဖြုတ်ချတိုက်ခိုက်ခြင်း

Mavic- 3/ Mavic 3 Pro အမျိုးအစားသည် ကင်းထောက်ရာတွင် အဆင်ပြေသလို ဗုံးသီးဖြုတ်ချ တိုက်ခိုက်ရာတွင်လည်း လွယ်ကူသည်။ ကင်မရာဖြင့် တိုက်ရိုက်ကြည့်ရှုကာ ဗုံးသီးဖြုတ်ချခြင်း ဖြစ်သည့်အတွက် ရန်သူအား ပိုမိုခြိမ်းခြောက်နိုင်ပြီး ရန်သူမှလည်း ပိုမို ကြောက်ရွံ့သည်။ Jammer များမရှိပါက Altitude အလွန်နိမ့်စွာပျံသန်းနိုင်သည်။ လက်ရှိအသုံးပြုလျှက်ရှိသော KIA ဗုံးသီးအပြာမှာ အလေးချိန် ၄၀၀ ဂရမ်သာရှိပြီး အနည်းငယ်ဝေ့ပြီး ရည်မှန်းချက်သို့အတိအကျ မရောက်သည့် အခက်အခဲရှိသည်။ သို့သော် ပေါက်ကွဲအားပြင်းသဖြင့် ရည်မှန်းချက်သို့ အတိအကျ မရောက်သည့်တိုင် အထိအခိုက်များပြားလေ့ ရှိသည်။ Mavic-3 ၏အားနည်းချက်မှာ Manul မောင်းနှင်ရခြင်းဖြစ်သည့်အတွက် ဂျမ်မာဒါဏ် မခံနိုင်ပေ။ GPS ပျောက်သွားခြင်းနှင့် Altitude Mode ဖြစ်ပေါ်ပါက ထိန်းချုပ်ရအလွန်ခက်ခဲပြီး ဆင်းသက်ရာတွင် ဘေးရှိအပင်များဖြင့် တိုက်မိခြင်း၊ ပြုတ်ကျခြင်းများ ရှိနိုင်သည်။ သို့ဖြစ်၍ ဗုံးသီးဖြုတ်ချတိုက်ခိုက်ရန် ရည်ရွယ်ထားပါက Jamming System များမရှိသည့်အချိန်တွင်သာ တိုက်ခိုက်သင့်သည်။ ရန်သူမှ Jammer များ ဖွင့်ထားသည်ကို အတင်းထိုးဝင်တိုက်ခိုက်ပါက ရနိုင်သော်လည်း ပြုတ်ကျရန်ရာခိုင်နှုန်းများသည်။ ဒရုန်းမှာလည်း Jammer ကြောင့်လေနှင်ရာလွင့်နေသဖြင့် ပစ်မှတ်မတိကျနိုင်တော့ပါ။ ထို့အပြင် ဗုံးသီးပြန်ပါလာခြင်း၊ မိမိနေရာသို့ ပြန်လည်ရောက်ရှိလာပါက Jammer များကြောင့် ထိန်းချုပ်ရခက်ခဲခြင်း၊ အပင်များနှင့် တိုက်မိပျက်ကျခြင်းများ ဖြစ်စေနိုင်ပါသည်။

## Pre Fight Check List for Mavic-3 Combact Drone

## Mavic-3/ Mavic 3 Pro ဖြင့် ဗုံးသီးချမတိုက်ခိုက်မီ စစ်ဆေးရမည့် အချက်အလက်များ

- ရာသီဥတု အခြေအနေ
- ပန်ကာများ သေချာကျနစွာ တပ်ဆင်ထားခြင်း ရှိ၊ မရှိ
- Calibration ထပ်မံပြုလုပ်ရန် လို၊ မလို
- ဘတ္ထရီများ နေရာတကျ တပ်ဆင်ထားခြင်း ရှိ၊ မရှိ
- ဘတ္ထရီပမာဏ လုံလောက်စွာ ရှိ၊ မရှိ
- Advance Safety Setting တွင် RTH Function သတ်မှတ်ထားခြင်းရှိ၊ မရှိ
- ဗုံးသီးချမည့် ခလုတ်အား Button Customization သတ်မှတ်ထားခြင်း ရှိ၊ မရှိ
- ပိတ်ရမည့် Safety Sensor Setting များပိတ်ထားခြင်း ရှိ၊ မရှိ အကြိမ်ကြိမ်စစ်ဆေးရမည်
- Safety Sensor များမပိတ်ထားပါက မိမိတို့နေရာတွင်ပင် ဗုံးသီးကျကွဲနိုင်သည်
- စတင်တက်မည့် Take Off နေရာမြင်ကွင်း၊ ဒရုန်းသွားမည့် လမ်းကြောင်း ရှင်း၊ မရှင်း
- ဗုံးသီးတပ်ဆင်ထားသော ဒရုန်းသည်မိမိတို့နေရာမှ အန္တရာယ်ကင်းစွာ Take Off လုပ်နိုင်ခြင်း ရှိ၊ မရှိ
- Release Divice Servo မော်တာ သေချာစွာ အလုပ်လုပ်ခြင်း ရှိ၊ မရှိကို ဗုံးသီးမတပ်ဆင်မီ သေချာစွာစစ်ရန်
- Home Point သတ်မှတ်ပြီးမှသာ မောင်းနှင်ပျံသန်းရန်
- စတင်မောင်းနှင် ပျံတက်ရာတွင် ဗုံးသီး ချိတ်ဆွဲထားသည့်အတွက် ဒရုန်းဆင်ဆာများကြောင့် အထက်သို့အလိုလို တက်သွားတတ်သည်ကို သတိပြုရန်
- ဗုံးသီးဖြုတ်ချသည့် ခလုတ်ကို လက်နှင့်ထိမိခြင်းမရှိစေရန် အထူးဂရုစိုက်ရမည်
- ဗုံးသီး ၄၀၀ဂရမ် သယ်ဆောင်သွားပါက အသွားအပြန် အကွာအဝေး စုစုပေါင်း မီတာ ၉၀၀၀ ထက်မကျော်စေရန် သတိပြုရမည်

အာကာကျော် - အမှတ်(၁) အထူးတပ်ရင်း



# ပါရာမော်တာ စက်တပ်လေထီး Paramotor


ပါရာမော်တာစက်တပ်လေထီးကို ယခင်က မြန်မာနိုင်ငံမှာ အပျော်တမ်း အနေနဲ့ အသုံးပြုတာတွေ ရှိပါတယ်။ စစ်တပ်မှာတော့ စစ်ခေါင်းဆောင်တွေ လာတဲ့အခါ လေတပ်စခန်းတွေမှာ လုံခြုံရေး အနေနဲ့ သုံးကြပါတယ်။ အစပိုင်းမှာအပျော်စီးနဲ့ လုံခြုံရေးအတွက်ပဲ သုံးကြပြီး ၂၀၂၅ခုနှစ်ထဲမှာတော့ ဗုံးသီးကြဲချတာတွေအထိ သုံးလာတာတွေ့ရပါတယ်။ ပါရာမော်တာဟာ လူတယောက်ရဲ့အလေးချိန် အပြင် ပေါင်၁၂၀၊ ၁၃၀ အထိ သယ်ဆောင်နိုင်တာတွေ့ရပါတယ်။ အမြင့်ပျံသန်းနိုင်မှု အနေနဲ့ အမြင့်ပေ ၅၅၀၀၊ ၅၆၀၀အထိ ပျံသန်းတာရှိပါတယ်။ နိုင်ငံတကာမှာတော့ မီတာ ၅၅၀၀၊ အမြင့်ပေ ၁၀၀၀၀အထိ ပျံသန်းကြပါတယ်။ တစ်နာရီကို မိုင်၅၀ နှုန်းအထိ ပျံသန်းနိုင်ပြီး ဆီစားနှုန်း ၁နာရီကို ၃လီတာလောက်ပဲရှိတာဖြစ်ပါတယ်။


## အားသာချက်

- လွယ်ကူလွတ်လပ်စွာပျံသန်းနိုင်ခြင်း
- ကုန်ကျစားရိတ်သက်သက်သာသာဖြင့် တည်ဆောက်အသုံးပြုနိုင်ခြင်း
- ကင်းထောက်ခြင်းအပြင် ဗုံးသီးကြဲချနိုင်ခြင်း

## အားနည်းချက်

- စက်လတ်၊ စနိုက်ပါကဲ့သို့သောလက်နက်များ လက်လှမ်းမီသောအမြင့်တွင်သာ ပျံသန်း နိုင်ခြင်း
- ပျံသန်းမှုအမြန်နှုန်းနှေးကွေးခြင်း
- အလေးချိန်များများသယ်ဆောင်နိုင်မှု မရှိခြင်း
- ပစ်မှတ်တိကျမှုမရှိခြင်း






# မိစ္ဆာများနှင့်လမ်းလျှောက်ထွက်ခြင်း

ညီလင်းအိမ်

ခုလိုကာလထဲမှာ Jiang Wen ရဲ့ ဒီရုပ်ရှင်ကြောင်းကို ပြောရတာ အင်မတန်ရင်လေးဖို့ကောင်းတဲ့ကိစ္စပဲ။ ဘာလို့လဲဆိုတော့ ဒီထဲက ဖက်ဆစ်တွေက ကိုယ့်တိုင်းပြည်မှာ သက်ရှိထင်ရှား ငုတ်တုတ်ကြီး ပေါ်ပေါက်လျက် ရှိနေလို့။ Jiang Wenကတော့ ဒီရုပ်ရှင်ဟာ စိနတွေမကောင်းကြောင်းကို တင်ပြတာမဟုတ်သလို ဂျပန်တွေရဲ့ မကောင်းတဲ့အပြုအမူတွေချည်းပဲ တင်ပြတာမဟုတ်ဘဲ စစ်ရဲ့အကြောက်တရားနဲ့ ဖိအားတွေကို ဖော်ပြပေးဖို့သက်သက်သာလို့ ဆိုတယ်။

သူပြချင်တဲ့ ရုပ်ရှင်ဇာတ်အိမ်ထဲက ရွာကလေးက ကျနော်တို့မြန်မာပြေကတိုင်းသူပြည်သားတွေနဲ့တူပါတယ်။ ခေတ်အဆက်ဆက် မြွေပွေးတွေကို ခါးပိုက်ပိုက်နေထိုင်လျက်သား ဖြစ်နေရာကနေ အခုကတော့ ထပြီးတော့ ကိုယ့်ငယ်ထိပ်ကိုယ်ပါ ပြန်ပေါက်ခံရတဲ့ အခြေအနေပေါ့။ မိစ္ဆာဗီဇစီးဝင်နေသူတွေဟာ ဘယ်လောက်ပဲ နူးညံ့တဲ့ ပြယုဂ်တွေ ဖုံးထားထား အချိန်တန်လာရင် ဗီဇက ပေါ်တာပါပဲ။

ခုလည်း ဂျပန်တွေသိမ်းပိုက်ထားလုဆဲကာလမှာ အဲဒီရွာသိမ်ကလေးထဲကို တရုတ်စကားပြန်နဲ့ ဖက်ဆစ်စစ်သားတကောင်ကို တော်လှန်ရေးတပ်သားဖြစ်ပုံရတဲ့သူက ညကြီးမင်းကြီး လာပေးသွားတယ်။ သူတို့ပြန်လာတဲ့အထိ ဖမ်းထားဖို့ ပြောသွားတယ်။ ဒါပေမဲ့ သူတို့က ပေါ်မလာတော့ ရွာသားတွေမှာ ဒုက္ခရောက်ရတယ်။ သတ်ဖို့လည်း မဝံ့ဘူး။ လတွေကလည်း ဖြေးဖြေးချင်းကြာလာတော့ ရွာသားတွေက သည်းမခံနိုင်ကြတော့ဘူး။ ဂျပန်တွေကို လူကောင်းတွေလို့ ထင်မိတဲ့ ရွာသားတွေက ကျနော်တို့ပြည်မက မြန်မာတွေလိုပေါ့။ ဗမာစစ်တပ်ကြီးက သူတို့ကို ပုန်ကန်သူသာ တိုက်ခိုက်တာ ကိုယ့်ပြည်မထဲက မြန်မာချင်းတော့ ဘာမှမလုပ်ပါဘူးလို့ ထင်ထားသလိုပေါ့။ ဂရိတ်ဝေါတံတိုင်းနားက သူတို့ရွာကလေးအနားမှာတာဝန်ကျတဲ့ ဂျပန်ဗိုလ်ကလည်း ဗီဘိအနုပညာသည်ကြီးလိုလို ဘာလိုလိုနဲ့ ကလေးတွေကို သကြားလုံးလေး ကမ်းလိုက်နဲ့ နေတာဆိုတော့ ရွာသားတွေမှာ ကြင်နာတတ်သူကြီးတွေလို့ ခပ်ရိုးရိုးပဲ တွေးကြတာကိုး။ မြန်မာစစ်တပ်က ဘဘကြီးတွေကို တိုက်ပုံအကျႌတွေ ဘာတွေနဲ့ ဘုရားပုထိုးတွေ ရှေ့မှာ မြင်ရတဲ့ အထာမျိုးဆိုပါတော့။

နောက် ကြံရာမရတဲ့အဆုံးကျတော့ ရွာသားတွေက တိုင်ပင်ပြီး ဖမ်းထားတဲ့ နိပ္ပွန် နှစ်ယောက်ကို သူတို့

ဖမ်းတာမဟုတ်ဘဲ စောင့်ရှောက်ထားတဲ့အကြောင်း အပေးအယူလုပ်ပြီး ဂျပန်စစ်သားတွေဆီက ရိက္ခာတွေနဲ့ လဲလှယ်ဖို့ ကတိကဝတ်ပြုကြတယ်။ သူတို့ထင်တာကတော့ ဂျပန်တပ်တွေက သူတို့တပ်သားကို ပြန်အပ်ပေးတဲ့အတွက် ချီး ကျူး စ ကား ပြော မ ယ် ။ ရိ က္ခာ တွေ ချီးမြှင့်မယ် ထင်ကြတာပေါ့။

ဒါပေမဲ့လည်း ဂျပန်စစ်တပ်ဘက်မှာကိုက မှားယွင်းတဲ့အခြေအနေတွေနဲ့ လက်ရှိ မအလစစ်တပ်က တပ်သားတွေလို အချင်းချင်း အဆင့်လိုက် နိုင်လွန်မင်းကျင့်တွေ လုပ်ကြရင်းနဲ့ အမျိုးဘာသာသာသနာလို မှိုင်းတွေ စောက်တလွဲ သူရဲကောင်းဝါဒတွေနဲ့ ဖျက်ဆီးထားလျက် ရှိတာပဲ။ ဆိုပါစို့ လာပို့တဲ့စစ်သားပြန်လာတဲ့အခါမှာ သူ့ကို ရန်သူလက်ထဲမှာ သိက္ခာရှိရှိ ကျဆုံးပြီးပြီဆိုပြီး သူတို့ဘက်မှာ ဂုဏ်ပြုထားတာ။ ခုလို ပြန်လာတော့ သိက္ခာကျဆင်းရတယ် ဆိုပြီး ရိုက်ကြနှက်ကြတော့တာပဲ။ ဂျပန်စစ်သားကလည်း ကနဦးတုန်းက နေမျိုးနွယ်ဘူရှီဒိုစိတ်ဓာတ်တွေနဲ့ ရွာသားတွေလက်ထဲမှာ အသေသတ်ပစ် ဘာညာ အော်ဟစ်ခဲ့ပေမဲ့ နောက်ဆုံးတော့ သေရမှာကြောက်လို့ အပေးအယူလုပ်လာခဲ့တာပဲ။ အခု မိခင်တပ်ဆီကို ပြန်လာခါမှ ထင်သလို မဟုတ်ဘဲ ဂျပန်ဗိုလ်က ရိုက်ပုတ်နှိပ်စက်တော့ ဒုက္ခအကြီးအကျယ်ရောက်ရတော့တယ်။ ဘယ်လိုလိမ်ထားထား ရွာသားတွေ ဖမ်းထားမှန်းသိတဲ့ ဂျပန်ဗိုလ်က တဖက်လှည့်နဲ့ ရွာကလူတွေကို ရိက္ခာချီးမြှင့်ပေးမယ်ဆိုပြီး ကောက်ကျစ်ဥာဏ်သုံးတော့တယ်။

ဖက်ဆစ်ဆိုတဲ့အမျိုးက ခွေးဆို သူ့မှာပါလာတဲ့ အစွယ်ကို အားကိုးသလို လက်နက်ရှိသူဆိုတော့ လက်နက်နဲ့ပဲ အဆုံးမတော့ နိုင်လွန်မင်းကျင့် လုပ်ချင်တာပဲ မဟုတ်လား။ သူတို့တွေဟာ ခဏနေရင် ဒီတရုတ်အစွန်အဖျားကနေ




ထွက်ခွာရတော့မယ် ။ စစ်ရှုံးနေပြီဆိုတာကို သိသိရက်နဲ့ သူရို့နေမျိုးနွယ်သိက္ခာကို အကျဆုံးမခံနိုင်ဘူးဆိုတဲ့ ရူးနှမ်းတဲ့ အတွေးအခေါ်တွေနဲ့ပဲ ဘာလက်နက်မှ မရှိတဲ့ ရွာကလေးထဲက လူတွေကို ညစာစားပွဲမှာပဲ ကလေးပါမချန် သတ်ဖြတ်ပစ်ကြတယ်။ အနုပညာချစ်ပါတယ်ဆိုတဲ့ ဂျပန်ဗိုလ်ကလည်း သူ့အနားမှာ ခုလိုဖြစ်တာတွေကို မသိရကောင်းလားဆိုပြီး မြင့်မြတ်တဲ့ဂျပန်မျိုးနွယ်တွေ အကြားမှာပဲ ရက်ရမ်းရမ်းတဲ့အနေနဲ့ ရွာထဲက သူသကြားလုံးကမ်းနေကျ ကလေးလေးကို ဓားနဲ့ထိုးသတ်ပါသတဲ့။

ရွာသားတွေခများလည်း ခုလို အဖြစ်ဆိုး မကြုံခင်အထိတော့ အရိုးခံတောသူတောင်သားတွေဆိုတော့ သူတို့ တိုက်တဲ့အရက်တွေသောက်ပြီး သီချင်းတွေတောင် ထဆိုကြရှာတယ်။ ဂျပန်တွေ အမြင်မှာတော့ စိနတွေဟာ လူရာသွင်း စကားပြောရမယ့် အဆင့်မဟုတ်လို့ စိတ်ထဲက သတ်မှတ်ထားကြတာကို သူတို့တွေ မသိကြဘူး။ တကယ်တမ်း ပြောမယ်ဆို ဒီကိစ္စက ရွာသားတွေအနေနဲ ဘာမှလည်း မသိကြရတဲ့ ဖြစ်ရပ်မဟုတ်လား။ သူကိုယ့်သူ " Me " လို့ပြောသွားတဲ့ ဘယ်သူမှန်းလည်း မသိရတဲ့ လူတယောက်က အပ်သွားတဲ့ ကိစ္စ။

သူတို့အနေနဲ့ ဒီရာဇဝတ်သားနှစ်ယောက်ကို သတ်ဖြတ်ပစ်လိုက်ရင်လည်း ပြီးသွားမယ့် အရေးဆိုပေမဲ့ လူတယောက်ကို သတ်ဖို့ဖြတ်ဖို့ဆိုတာက လွယ်ကူတဲ့ အနေအထားတရပ်မှ မဟုတ်ဘဲလေ။ အဲဒီအခြေအနေမှာပဲ ဂျပန်စစ်တပ်ကြီးကတော့ လုံ့စွပ်တွေအပြည့်နဲ့ ရွာသိမ်ဇနပုဒ်ထဲက ဘာမှမသိကြတဲ့ ရွာသူရွာသားတွေကို သတ်ဖြတ်ပြီး ရွာကို မီးနဲ့ ရှို့လိုက်ကြတယ်။

စစ်လည်းပြီးတော့ ဂျပန်ပြည်လည်းမပြန်နိုင်တဲ့ စစ်ဗိုလ်တွေဟာ အဲဒီနေရာမှာပဲ ကျရှုံးသုံ့ပန်းတွေ အဖြစ် အ

ရင်က သေနတ်တကားကားနဲ့ ဗိုလ်ကျခဲ့တဲ့ စစ်ဗိုလ်ကလည်း သူတောင်းစားသာသာ အနေအထားနဲ့ တောင်းရမ်းစားသောက်ကြရတယ်။ တရုတ်ကွန်မြူနစ်တပ်မကြီးက သူတို့နေရာကို ဝင်လာတဲ့အခါမှာ တရုတ်တပ်တွေဟာ ဂျပန်ဖက်ဆစ်တပ်တွေလို မဟုတ်တဲ့ အကြောင်း သဘောထားကြီးတဲ့ ပုံစံတွေကို ပြတယ်။ တရွာလုံးကို မီးလောင်တိုက်သွင်းတဲ့ ဂျပန်တပ်သားတွေကို ကောင်းမွန်စွာ ဆက်ဆံတယ်။ ဘယ်လောက်အထိ သဘောထားကြီးပြသလဲ ဆိုရင်သူတို့ကို ရန်ပြုတဲ့ တရုတ်လူမျိုးတွေကို ကွပ်မျက်ပြသတဲ့။ ကဲ ခုလို လုပ်ပြလိုက်တော့ ကြားထဲကနေ မဆီမဆိုင် အသက်စတေးကြရတဲ့ တရုတ်ပြည်သူတွေ ရွာသားတွေအတွက်ကြတော့ရော တရားမျှတမှုက ဘယ်မှာတဲ့လဲ။

ယခု ရုပ်ရှင်မှာ အဓိက သရုပ်ဆောင် အဖြစ်လည်း ဝင်ပါပြီး ဒါရိုက်တာရော ထုတ်လုပ်သူအဖြစ်ပါ ဝင်ရောက်ထားတဲ့ Jiang Wen က ယင်း အခြင်းအရာတွေကို မျှတအောင် ပြတယ်။ ခေတ်အဆက်ဆက် ဝါဒတွေ မတူညီတဲ့သွေးကွဲမှုတွေအကြား ပြိုင်ဆိုင်ကြတဲ့အခါမှာ ကြားထဲက ဘာမှမဆီဆိုင်လှတဲ့ ပြည်သူတွေမှာပဲ အချောင်ကြားညပ်ပြီး သေကြပျက်စီးကြရတာ မဟုတ်လား။ ပြီးရင်ကြလည်း သူတို့တွေပဲ သူတော်ကောင်းများအဖြစ်ပဲ သိက္ခာရှိသူတွေလိုလို အနေအထားတွေနဲ့ လက်တွေ့ခံစား ဒုက္ခရောက်ခဲ့ကြရတဲ့ ပြည်သူပြည်သားတွေရဲ့ နာကျည်းမှု ဒုက္ခတွေကို လွယ်လွယ်ကလေး မေ့ဖျောက်ပစ်လိုက်တာပဲ ။

လက်မတင်လေး ကယ်တင်ဖို့ နောက်ကျခဲ့ရချိန်မှာ တရွာလုံးကို ခုလိုအထိ လုပ်စရာအကြောင်း မရှိပေမဲ့လည်း မီးရှို့သတ်ဖြတ်ပစ်လိုက်ကြတဲ့ ဂျပန်စစ်သားတွေကိုရော ပြန်လည်ပြီး မတုံ့ပြန်သင့်တော့ဘူးတဲ့လား။ စတိတ်စင်ပေါ်ကနေ အငြိုးအာဃာတတွေကို ဖျောက်ပစ်ကြပါခင်ဗျ။ ကျနော့်မိဘတွေလည်း ဗုံးမှန်ပြီး သေခဲ့ရတာပါ လို့ ဘေးမှာ ပီကေတွေတမြုံ့မြုံ့ဝါးပြီး ရပ်စောင့်နေတဲ့ အမေရိကန်စစ်သားနှစ်ယောက်ရှေ့က တရုတ်စစ်ဗိုလ်လေးရဲ့ ငြိမ်းချမ်းခြင်းနဲ့ ရွှေပြည်အေးတရားကို ပြောနေတာကလည်း နားထောင်ရတာ ရယ်ဖို့အကောင်းသားပါပဲ။

ဖက်ဆစ်စစ်သားတွေကို မသတ်ရက်ဘဲ စောင့်ရှောက်ပေး ပြန်ပို့ပေးခဲ့တဲ့ Jiang Wang ကြီးခမျာမှာတော့ ရာဇဝတ်သားအဖြစ် အဲဒီ ဂျပန်ကောင်ရဲ့ ရှေ့မှာ ဒူးထောက်ပေးနေရသတဲ့။ သူ ရို့ ကျွေးမွေးပေးခဲ့တဲ့ ရာဇဝတ်ကောင် ဂျပန်တပ်သားက သူ့ဂုတ်ပေါ်ကို ဓားမိုးပြီး သတ်ဖြတ်ဖို့ အားယူနေသတဲ့။

မရယ်ရဘူးလား။ အဲလို အဖြစ်သနစ်ကြီးကို မြင်နေရတာဟာ အခုလည်း ကျနော်တို့တိုင်းပြည်က တိုင်းသူပြည်သားတွေအများစုမှာလည်း အဲသလို မြွေပွေးကို ခါးပိုက်ပိုက်ထားလျက်သား အခြေအနေကနေ နဖူးပါလာပေါက်ခံရတဲ့ အခြေအနေအထိ ကြုံနေရပြီ။ တဖက်က ဘယ်လိုစစ်စည်းကမ်းမျိုးမှ မရှိတဲ့ ခွေးရူးသာသာ တွေ့ရာသတ် လုပ်ချင်ရာလုပ်နေတဲ့ အဖွဲ့အစည်းကို နိုင်ငံတကာအဖွဲ့အစည်းအရပ်ရပ်က တရားမျှတမှု ခေါင်းစဥ်ကြီးနဲ့ ညှိနှိုင်းဖို့ အားလျှော့ပေးဖို့ မေတ္တာရပ်ခံခိုင်းကြသတဲ့။ လက်တွေ့မြေပြင်မှာ ချွေးနဲ့စာကလေးတွေနဲ့ ရပ်တည်အသက်ဆက်ရတဲ့ အောက်ခြေပြည်သူတွေမှာတော့ ဘာမှတန်ဖိုးမရှိလှတဲ့သတ္တဝါတွေလို မိမိတို့ပိုင်ဆိုင်သမျှ အိုးအိမ်စည်းစိမ်ကနေ အသက်ပါ ဆုံးရှုံးနေရတာ နေ့စဥ်တဖြုတ်ဖြုတ်ပဲ မလား။ အဲဒါတွေအတွက် တရားမျှတတဲ့ တန်ပြန်စီရင်မှုက ဘယ်မှာတဲ့လဲ။ စတိတ်စင်ပေါ်ကနေ လော်စပီကလေးနဲ့ ခွင့်လွှတ်လိုက်ကြပါ ခဗျ လို့ နားချပြရုံမျှနဲ့ လုံလောက်ပြီတဲ့လား။ စာချုပ်ကလေးပေါ် လက်မှတ်ကလေးထိုးပြီး ကျေအေးလိုက်ရုံမျှနဲ့ ပြီးသွားစတမ်းတဲ့လား။

ဂျပန်တွေကို အင်မတန် စိတ်နာမုန်းတီးတဲ့ စိနတွေဟာ သမိုင်းကြောင်းရုပ်ရှင်ရိုက်ပြီဆိုရင် တဖက်သတ် ပုံဖော်ကြတာပဲ များတယ်။ အခုလို နှစ်ဦးနှစ်ဖက် မျှတတဲ့သရုပ်သကန်ရှိတဲ့ စစ်ရဲ့ ကစဥ့်ကလျားဖြစ်မှုတွေ။ မြေစာပင်ဖြစ်ရတဲ့ ပြည်သူပြည်သားတွေရဲ့ စိတ်ခံစားမှုတွေနဲ့ ဝါဒမှိုင်းတွေအောက်မှာ တိရစ္ဆာန်သာသာ ဖြစ်နေတဲ့ စစ်သားတွေရဲ့ အခြေအနေကို တင်ပြဖို့ ပျက်ကွက်တာကများပါတယ်။ သီဟတင်စိုးသာသာ ဖလင်တွေများတဲ့အထဲမှာ ခုရုပ်ရှင်ကတော့ အဲသလို မဟုတ်လို့ ဆင်ဆာဘုတ်အဖွဲ့ဟာ ဒါရိုက်တာ Jiang Wang ကို အမျက်တော်ရှပုံရတယ် တူပါရဲ့။ ရုပ်ရှင်ရိုက်ခွင့် ခုနစ်နှစ်အထိ ပိတ်ပစ်သလို ယခုရုပ်ရှင်အား ပြည်မထဲပြသဖို့အတွက်လည်း ပိတ်ပင်ပစ်ခဲ့တယ်။ အကြောင်းပြချက်ကတော့ သူတို့ကို အသိမပေးဘဲ ကန်း ရုပ်ရှင်ပွဲတော်မှာ သွားပြိုင်လို့ပါတဲ့။

*ရုပ်ရှင်ရည်ညွှန်း - Devils on the Doorstep Chinese Movie ( 2000 )*



# တိုက်ပွဲကွပ်ကဲမှုနှင့် တိုက်စွမ်းအား

မိုးမြင့်ကျော်

## တိုက်ပွဲကွပ်ကဲမှု

ခေါင်း၊ ဖြတ်၊
တင်း၊ မြင်၊
တွေးပေါ်လွင်၊
ဆက်သွယ်ချိန်ဆ
တပ်မှူးဘဝ။

ဆိုပြီး အခြေခံအချက်(၆)ချက်ကို အလွယ်မှတ်သားနိုင်တယ်။ ခေါင်းဆိုတာက ခေါင်းဆောင်မှု (Leadership)၊ ဖြတ်ဆိုတာက ဆုံးဖြတ်ချက်ချမှတ်ခြင်း(Decision Making)၊ တင်းဆိုတာက သတင်းအချက်အလက်များခံယူခြင်း(Information Assimilation)၊ မြင်ဆိုတာက ထင်မြင်မှန်းဆကြည့်တတ်ခြင်း(Visualization)၊ တွေးပေါ်လွင် ဆိုတာက ပေါ်လွင်အောင် တွေးခေါ်ယူဆခြင်း (Conceptualization)နဲ့ ဆက်သွယ်ချိန်ဆဆိုတာက ဆက်သွယ်ရေး (Communication)တို့ဖြစ်ပြီး အားလုံးကိုတပ်မှူးက ချိန်ဆဆောင်ရွက် ပေးရပါတယ်။

### (က)
### ခေါင်းဆောင်မှု
### (Leadership)

တပ်မှူးရဲ့ခေါင်းဆောင်မှုနဲ့ စစ်ကစားမှုကို အဆုံးသတ်ရန်၊ ပစ်အားတည်ဆောက်ရန်နဲ့ မိမိတပ်ဖွဲ့ကို ကာကွယ်ရန်လုပ်ငန်းတွေကို ဆောင်ရွက်ခိုင်းခြင်းဖြစ်ပါတယ်။ တိုက်ပွဲဇဟိုပြု ခေါင်းဆောင်မှုကို တပ်မှူးရဲ့ နည်းပရိယာယ်ကောင်းခြင်း၊ စစ်စည်းကမ်းကောင်းခြင်းနဲ့ လှုံ့ဆော်မှုကောင်းခြင်းတွေကနေမှ ရရှိလာမှာဖြစ်ပါတယ်။

### (ခ)
### ဆုံးဖြတ်ချက်ချမှတ်ခြင်း
### (Decision Making)

ဆုံးဖြတ်ချက်တခုချမှတ်ဖို့ လိုအပ်လာပြီဆိုရင် ဘယ်အချိန် ဘယ်လို ဆောင်ရွက်ရမယ် ဆိုတာကို သဘောပေါက်ခြင်းပဲဖြစ်တယ်။ အကောင်းဆုံးထောက်လှမ်းရေးသတင်းနဲ့ မိမိတပ်ဖွဲ့တွေ ဘက်က သတင်းအချက်အလက်တွေဟာ ဘယ်အချိန်ဘာလုပ်ရမယ်မသိတဲ့ တပ်မှူးအတွက် တန်ဖိုး မရှိပါဘူး။ တပ်မှူးကချမှတ်တဲ့ ခိုင်မာတဲ့ဆုံးဖြတ်ချက်ဟာ အတတ်ပညာနဲ့ နည်းပညာပိုင်း မဟုတ်ပါဘူး။ တပ်မှူးက ဘယ်သူဟာ ဘာလုပ်နိုင်စွမ်းရှိတယ်၊ ဘယ်သူတွေက ပေါင်းစပ်ညှိနှိုင်း၊ ဆက်စပ်ဆောင်ရွက်နိုင်တယ် ဆိုတာတွေကို လူ့သဘောသဘာဝအရ လေ့လာသိရှိပြီး အကောင်အထည်ဖော်ခြင်း ဖြစ်တယ်။ ဉာဏ်နဲ့ယှဉ်တဲ့ သစ္စာရှိမှုဟာ အရေးကြီးပါတယ်။ တပ်မှူးရဲ့ ခိုင်မာပြတ်သားတဲ့ ဆုံးဖြတ်ချက်က အတူတွဲပြီးလုပ်ကိုင်ရသူတွေကို လုပ်ငန်းတာဝန် ဆောင်ရွက်ရာ မှာ လွယ်ကူချောမွေ့စေပါတယ်။

## (ဂ) သတင်းအချက်အလက်များခံယူခြင်း (Information Assimilation)

တပ်မှူးဟာ ရနိုင်တဲ့အချက်အလက်ကို မှတ်သားပြီး အရေးကြီးဆုံးအချက်ကို ဖော်ထုတ် နိုင်ရမယ်။ ဒါမှ ဘယ်ဟာကအရေးကြီးတယ်၊ ချက်ချင်းလုပ်ရမယ် ဆိုတာ ခွဲခြားနိုင်မှာ ဖြစ်ပါတယ်။ စစ်ဆင်ရေးကာလမှာ တပ်မှူးက သူ့ရဲ့စစ်ဦးစီးအဖွဲ့ကို သတင်းအတိမ်အနက် အဆက်မပြတ်အောင် ခွဲခြားဆန်းစစ်ခိုင်းပြီး ဆုံးဖြတ်ချက်ချတဲ့နေရာမှာ အထောက်အပံ့ ဖြစ်စေရမယ်။ တိုက်ပွဲကွပ်ကဲမှု တခုလုံးက ပြောင်းလွယ်ပြင်လွယ်ရှိခြင်း ခိုင်လုံခြင်းနဲ့အရေးကြီးသတင်းတွေ အထောက်အပံ့ ရခြင်းက ဦးဆောင်မှုနဲ့ ဆုံးဖြတ်ချက်ချတာတွေကို လွယ်ကူစေနိုင်ပါတယ်။ တိုက်ပွဲကိုလိုက်ပြီး ကွပ်ကဲနေတဲ့အချိန်မှာ မြေပြင်သတင်းအမြန်ဆုံး သိနိုင်တဲ့စနစ်နဲ့ မြန်မြန်တွေးခေါ်တတ်တာက အမြန်သုံးသပ်အဖြေထုတ် ဆောင်ရွက်နိုင်ပါတယ်။

## (ဃ) ထင်မြင်မှန်းဆကြည့်တတ်ခြင်း (Visualization)

ထင်မြင်မှန်းဆကြည့်တတ်ခြင်းဟာ အထက်ဌာနရဲ့လိုလားချက်၊ ရနိုင်သောသတင်းနှင့် စစ်မြေပြင်တွင် ထိုးထွင်းသိရှိမှုတို့အပေါ် အခြေခံပြီး လက်ရှိအခြေနေနှင့် အနာဂါတ်အခြေအနေ အပေါ် စိတ်နဲ့အကြမ်းဖျင်းစီမံ ပြုလုပ်ထားခြင်းပဲဖြစ်တယ်။ ရန်သူ့အခြေအနေ၊ မဟာမိတ်တပ်ဖွဲ့တွေရဲ့အခြေနေကို အမြဲသိနေခြင်းပဲဖြစ်ပါတယ်။

## (င) ပေါ်လွင်အောင်တွေးခေါ်ယူဆခြင်း (Conceptualization)

ပေါ်လွင်အောင်တွေးခေါ်ယူဆခြင်းဆိုတာ တိုက်ပွဲရဲ့လက်ရှိအခြေနေကစပြီး နောက်ဆုံး ဆုံးဖြတ်ဆောင်ရွက်တဲ့ အခြေနေအထိ တပ်မှူးရဲ့စိတ်ထဲမှာ စိတ်ကူးနဲ့စစ်တိုက်နေခြင်းကို ဆိုလိုပါတယ်။ ဒါက အမြန်စစ်ရေးသုံးသပ်ခြင်း၊ တိုက်ပွဲရဲ့ပြောင်းလဲနေတဲ့အခြေနေကို ထင်မြင် မှန်းဆကြည့်တတ်ခြင်းနဲ့ မြန်မြန်စဉ်းစားဆောင်ရွက်ခြင်းပဲဖြစ်ပါတယ်။ ဒါမှသာ စွန့်စားမှုအနည်းဆုံး ဖြစ်တဲ့ ဆုံးဖြတ်ချက်ကို ချမှတ်နိုင်မှာဖြစ်ပါတယ်။

## (စ) ဆက်သွယ်ရေး (Communication)

ဆက်သွယ်ရေးဟာ သတင်းအချက်အလက်ကနေ ဆုံးဖြတ်ချက်ချ လုပ်ဆောင်နိုင်ရန် ကြားခံပေါင်းကူးပဲ ဖြစ်ပါတယ်။ တပ်မှူးဟာ သတင်းဌာနမျိုးစုံက ဆက်သွယ်ရေးစနစ်မျိုးစုံနဲ့ ရနိုင်သမျှ သတင်းအချက်လက်များကို ရယူရပါမယ်။

### (၁) နားလည်မှုဖြင့်ဆက်သွယ်ရေး (Implicit Communication)

သေချာ ချက် အ န ည်း ဆုံး နဲ့ အပြန်အလှန်နားလည်မှုယူပြီး ဆက်သွယ်ခြင်းဖြစ်တယ်။ တဦးရဲ့ ကြိုတင်မျှော်တွေးမှုကို တဦးကအမြန်သိစေပါက လုပ်ငန်းဆောင်ရွက်မှု ပိုမိုလျှင်မြန် စေပါတယ်။

### (၂) တိကျသောဆက်သွယ်ရေး (Explicit Communication)

စာရွက်စာတမ်း၊ ပုံမှန်ညွှန်ကြားချက်တွေနဲ့ ဆက်သွယ်ခြင်း ဖြစ်တယ်။ ရှင်းရှင်းလင်းလင်း သိနိုင်ပါတယ်။

## တိုက်စွမ်းအားကို တိုးပွားစေသော စစ်အခြေခံ သဘောတရားများ

ခေတ်သစ်စစ်ပွဲမှာ တိုက်စွမ်းအား(Combat Power) ကိုဖန်တီးတဲ့ အကြောင်းအချက်တွေ အနေနဲ့ စစ်ကစားနိုင်မှု(Maneuver)၊ ပစ်အား(Fire Power)၊ အကာအကွယ်(Protection)၊ ခေါင်းဆောင်မှု (Leadership)နဲ့ စိတ်ဓာတ်(Morale) ဆိုတဲ့အချက်ငါးချက်ပဲဖြစ်ပါတယ်။ သာလွန်တဲ့ တိုက်စွမ်းအားဆိုတာ လုံလောက်တဲ့အင်အားကို စုစည်းအသုံးချကာ မလွဲမသွေအောင်ပွဲရစေပြီး ရန်သူကို မလွတ်မြောက်နိုင်စေခြင်း၊ ဒါမှမဟုတ် တန်ပြန်စစ်ဆင်မှုမလုပ်နိုင်အောင်



လုပ်ခြင်းပဲဖြစ် ပါတယ်။ အဲ့ဒီလိုလုပ်ခြင်းကနေ ရန်သူဟာ ကျဆုံးဒဏ်ရာရ၊ အဖမ်းခံရခြင်း၊ အကြောက်တရား ကြောင့်ဖြစ်စေ၊ မရေရာမှုကြောင့်ဖြစ်စေ၊ မလှုပ်ရှားနိုင်ဖြစ်ခြင်း၊ ရှုပ်ထွေးခြင်း၊ သီးခြားဖြတ်တောက် ခံရခြင်းတို့နဲ့ စစ်မြေပြင်မှာ ဘယ်လိုမှ စွမ်းဆောင်နိုင်စွမ်းမရှိစေဖို့ ဖြစ်ပါတယ်။ သာလွန်တိုက်စွမ်း အားကို ပြင်းထန်လျှင်မြန်စွာ အသုံးချခြင်းနဲ့ ရန်သူဟာကောင်းကောင်း ပေါင်းစပ်ညှိနှိုင်းထားတဲ့ ခုခံမှု၊ ဒါမှမဟုတ် ထိရောက်တဲ့ခုခံမှုကို မလုပ်နိုင်တော့ခြင်းဖြစ်တယ်။

တပ်မှူးအနေနဲ့ မိမိအကျအဆုံးအနည်းဆုံးနဲ့ အောင်ပွဲရစေဖို့ သာလွန်တဲ့တိုက်စွမ်းအားကို အသုံးချ ရပါတယ်။ တိုက်စွမ်းအားရဲ့ အထက်ဖော်ပြပါ အချက်(၅)ငါးချက်ကို ပေါင်းစပ်ညှိနှိုင်းခြင်းနဲ့ အဆုံးဖြတ်အဖြတ်ပေးတဲ့ အချိန်နဲ့နေရာမှာ သာလွန်တဲ့တိုက်စွမ်းအားကို အသုံးချနိုင်ဖို့ ကြိုးစားကြရ ပါတယ်။ ရန်သူ့တိုက်စွမ်းအားကျဆင်းစေဖို့အတွက်လည်း ရန်သူရဲ့စစ်ကစားနိုင်မှု၊ ပစ်ခတ်မှု၊ အကာကွယ်တွေကို နှောက်ယှက်တားဆီးရပါတယ်။ နောက်ပြီး တိုက်စွမ်းအားစုကို အများဆုံး အသုံးချနိုင်ဖို့ တိုက်ခိုက်ရေးတပ် အကူတပ်၊ တိုက်ခိုက်ရေးလက်ရုံးအကူတပ်တွေကို စုပေါင်းအသုံးချပါတယ်။



## စစ်ကစားနိုင်မှု (Maneuver)

ခေတ်သစ်စစ်ပွဲအယူအဆအရ စစ်ကစားခြင်းဟာ ရန်သူကိုမြေအနေအထားအရ အသာစီးရဖို့ အများအားဖြင့် တိုက်ရိုက်နဲ့သွယ်ဝိုက်ပစ်ခတ်မှုတွေနဲ့ တိုက်ခိုက်ခြိမ်းခြောက်နိုင်ဖို့ ဖြစ်ပါတယ်။ စစ်ကစားမှုဆိုတာ မိမိတပ်တွေကို အဆုံးအဖြတ်ပေးနိုင်တဲ့နေရာတွေ(Decisive Point)မှာ ချထားနိုင်ခြင်းနဲ့ အငိုက်ရရှိမှု၊ စိတ်ဓာတ်ရေးရာခြောက်ခြားစေမှု၊ တပ်ချီတက်မှု အရှိန်အဟုန် ရရှိစေမှု၊ ထုဖြင့်ပစ်ခတ်သောအကျိုးရလာဒ်၊ စိတ်ပိုင်းဆိုင်ရာ အသာစီးရမှုတို့ကို ဖန်တီးရယူခြင်းပဲ ဖြစ်တယ်။ အောင်အောင်မြင်မြင် စစ်ကစားနိုင်ဖို့ဆိုရင် ကြိုတင်မျှော်တွေးမှုနဲ့ အခွင့်ကောင်းကို မလွတ်တမ်းအသုံးချနိုင်မှု စတာတွေလိုအပ်ပါတယ်။ တပ်မှူးတွေအနေနဲ့ မိမိကလှုပ်ရှားချီတက်ခြင်း မပြုဘဲ စစ်ကစားနိုင်ခြင်းအကျိုးသက်ရောက်ဖို့ဆိုရင် ရန်သူကို အခွင့်မသာတဲ့အနေအထားကို ရောက်လာတဲ့အထိ စောင့်ရပါတယ်။ ထိရောက်တဲ့ ပစ်အားနဲ့ အကာကွယ်မရှိရင် စစ်ကစားမှုက အလကားဖြစ်ပါတယ်။ စစ်ကစားခြင်းက ရန်သူအတွက် အခြေနေသစ်၊ အခက်ခဲသစ်၊ ပြဿနာသစ်တွေ ဖန်တီးခြင်းဖြစ်ပြီး ရန်သူအနေနဲ့ ထိထိရောက်ရောက် တန်ပြန်ဆောင်ရွက်မှု မရှိစေဘဲ ဆုံးရှုံးမှုကို ဦးတည်သွားစေနိုင်ပါတယ်။ မြေပြင်တပ်တွေရဲ့ နေရာယူထားနိုင်မှုနဲ့ နေရာအနေအထားတို့အရ အသာစီးရမှုက တခြားအရာတွေနဲ့ အစားထိုးလို့မရနိုင်ပါဘူး။ လေကြောင်းကနေ ကင်းထောက်တာ၊ အကာကွယ်ပေးတာ၊ ပစ်ခတ်တာ စတဲ့အားသာချက်တွေ ရှိပေမယ့် မြေပြင်နေရာကို စိုးမိုးထားနိုင်တဲ့ မြေပြင်တပ်ကို မမီပါ။ စစ်ကစားမှုနဲ့ပစ်အားဆိုတာ ခွဲခြားလို့မရတဲ့ အခြေခံအချက်ကြီးတွေ ဖြစ်ပါတယ်။ အဲ့ဒီနှစ်ခုကို ပေါင်းစပ်အသုံးပြုခြင်းအားဖြင့် အင်အားကြီးမားတဲ့ရန်သူကို ချေမှုန်းနိုင်သလို မိမိတပ်ကိုလည်း အကာကွယ်ပေးနိုင်ပါတယ်။

## ပစ်အား(Fire Power)

ပစ်အားဆိုတာ ရန်သူကိုချေမှုန်းဖျက်ဆီးတဲ့ အားဖြစ်ပါတယ်။ ရန်သူရဲ့ စိတ်စွမ်းအားနဲ့ စိတ်ဓာတ်ကို ချေဖျက်တဲ့နေရာမှာ အဓိကကျပါတယ်။ ပစ်အားဆိုတာ နေရာတခု၊ တပ်တခု၊ လက်နက်စနစ် တခုမှပစ်လွှတ်သော ပစ်အားပမာဏပဲဖြစ်တယ်။ စစ်မဟာဗျူဟာအဆင့်၊ စစ်ဆင်ရေးအဆင့် (တပ်မကြီး၊ တပ်မအဆင့်) စစ်နည်းဗျူဟာအဆင့်တို့မှာ ပစ်အားရဲ့ထိရောက်မှုကို အခြားတိုက်ခိုက်မှု စနစ်တွေနဲ့ ချိန်ကိုက်ညှိထားရန်လိုအပ်ပါတယ်။ ပူးတွဲစစ်ဆင်ရေးအဆင့်တွင် ပစ်မှတ်ကို သတ်မှတ်ခြင်း၊ ဦးစားပေး ရွေးချယ်ခြင်း၊ နေရာရှာဖွေခြင်း၊ အမျိုးစားခွဲခြားခြင်း၊ ခြေရာခံခြင်း၊ ပစ်အားခွဲဝေခြင်း၊ ပစ်ခတ်မှုထိရောက်မှု ရှိ၊ မရှိအကဲဖြတ်ခြင်းတွေအတွက် ထိရောက်တဲ့စနစ်တွေ တည်ဆောက်ထားဖို့လိုပါတယ်။ ပစ်အားဟာစစ်ကစားမှုနဲ့ ပေါင်းစပ် အသုံးချရင် ပိုမိုထိရောက်မှု ရှိပါတယ်။

## အကာအကွယ်
## (Protection)

အကာကွယ်ရှိခြင်းက တိုက်ခိုက်ရေးတပ်တွေရဲ့ စစ်စွမ်းအားကို စစ်ပွဲမစတင်မီ မယိုယွင်း မပျက်စီးဖို့ ထိန်းသိမ်းပေးခြင်းပဲဖြစ်တယ်။ အကာကွယ်ယူတဲ့နေရာမှာ အဆင့်လေးဆင့် ရှိပါတယ်။

### (က) စစ်ဆင်မှုလုံခြုံရေး (Security Of Protection)နှင့် လှည့်ဖြားမှုစစ်ဆင်ရေး

မိမိတပ်တွေကို ရှာဖွေမသိရှိစေဖို့ ဖြစ်ပါတယ်။ လိမ္မာပါးနပ်စွာ ကင်းထောက်ခြင်း၊ ရန်သူ့ ကင်းထောက်မှုမှ ကာကွယ်ခြင်း တို့ဟာ မိမိတပ်အင်အားကို ကာကွယ်ခြင်းဖြစ်ပါတယ်။ တပ်တွေ ကိုသေချာဖြန့်ခွဲခြင်း၊ ပုံဖျက်ခြင်း၊ စည်းကမ်းတကျနေထိုင်စေခြင်း၊ တန်ပြန်ကင်းထောက်ခြင်း၊ လုံခြုံမှုစနစ်များထားရှိခြင်း၊ အခိုင်အမာနေရာများ တည်ဆောက်ခြင်း တို့က ရန်သူပစ်ခတ်မှုကြောင့် မိမိတပ်ထိခိုက်ကျဆုံးမှုကို လျော့နည်းစေနိုင်ပါတယ်။ စစ်ဆင်ရေးအဆင့်မှာ လေကြောင်းရန် ကာကွယ်ရေး(ဒရုန်းနဲ့ တိုက်ခိုက်ရေးရဟတ်ယာဉ်)မှာ မိမိတပ်လုံခြုံရေးအတွက် ထည့်သွင်းစဉ်းစား ရတဲ့အချက်ဖြစ်ပါတယ်။

### (ခ)စစ်သည်များကျန်းမာရေး

မိမိစစ်သည်တွေရဲ့ ကျန်းမာကြံ့ခိုင်ရေးနဲ့ တိုက်စွမ်းရည်မြင့်မားတက်ကြွစေရေး ပြုလုပ်ခြင်းက အကာကွယ်ပေးခြင်းတမျိုးပဲဖြစ်ပါတယ်။ စစ်အသုံးဆောင်ပစ္စည်းများ ကာကွယ်ခြင်း၊ ထောက်ပံ့ရေးပစ္စည်းများ ကာကွယ်ခြင်း တို့က တိုက်ခိုက်လိုစိတ်ကို မြင့်မားစေပါတယ်။ စစ်သည်တွေရဲ့ သက်သာချောင်ချိရေး၊ စိတ်ဓါတ်၊ တပ်ဖွဲ့စိတ်တွေကို ထိန်းသိမ်းပေးခြင်းကလည်း အကာကွယ်ပေးခြင်းထဲမှာ ပါဝင်ပါတယ်။ ပျက်စီးသွားတဲ့ပစ္စည်း ကိရိယာတွေကို အမြန်ဆုံးပြန်လည်ပြင်ဆင်ပေးခြင်း၊ ဒါဏ်ရာရရဲဘော်တွေကို အမြန်ကုသ ပျောက်ကင်းစေခြင်းတို့ကလည်း ကာကွယ်ခြင်းပဲဖြစ်ပါတယ်။

### (ဂ) လုံခြုံမှု (Safety)

မလိုလားအပ်တဲ့ ဆုံးရှုံးနစ်နာမှုတွေကို မဖြစ်ပွားဖို့ ထိန်းသိမ်းကြပ်မတ်ခြင်းကလည်း အကာကွယ် ပေးခြင်းတမျိုးပဲ ဖြစ်ပါတယ်။ လုံခြုံမှုကို စစ်ဆင်ရေးတခုလုံးရဲ့ အခြေခံအချက် တချက်အဖြစ် သတ်မှတ်ထားမှသာ မလိုအပ်တဲ့ မတော်တဆဖြစ်မှု၊ ထိခိုက်ဆုံးရှုံးမှုတွေကို ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ လေ့ကျင့်ရာမှာ လုံခြုံမှုရှိခြင်း၊ စီမံချက်ရေးဆွဲခြင်း၊ စစ်ဆင်ခြင်း တွေဟာ စစ်ဆင်ရေးအောင်မြင်ဖို့နဲ့ မိမိတိုက်စွမ်းအားကို ထိန်းသိမ်းဖို့ အရေးပါတဲ့အချက်တွေပဲ ဖြစ်ပါတယ်။


### (ဃ) မှားယွင်းမှုကာကွယ်ခြင်း

မိမိတို့တပ်တွေအချင်းချင်း မှားယွင်းပစ်ခတ်မှုမရှိစေဖို့ ကာကွယ်ခြင်းပဲဖြစ်ပါတယ်။ ဒီနေ့ခေတ် တိုက်ပွဲတွေရဲ့ လက်နက်တွေဟာ ပစ်ခတ်အားပြင်းထန်မှု၊ ကြီးမားမှုတွေကြောင့် တကြိမ်မှားယွင်းမှုကနေ လူနဲ့ပစ္စည်းဆုံးရှုံးမှုအများကြီးဖြစ်သွားစေနိုင်ပါတယ်။ လျင်လျင်မြန်မြန် စစ်ဆင်နေရတဲ့ကာလမှာ မိမိတပ်တွေအချင်းချင်း မှားယွင်းပစ်ခတ်နိုင်ခြေက ပိုများတာကြောင့် မှားယွင်းပစ်ခတ်တာနည်းနိုင်သမျှနည်းအောင် စီမံရပါတယ်။ အဲ့ဒီလိုကာကွယ်စီမံကြတဲ့နေရာမှာ ကောင်းမွန်ထက်မြက်တဲ့ ဦးစီးကွပ်ကဲမှုအဖွဲ့တွေရှိခြင်း၊ စည်းကမ်းတကျစစ်ဆင်မှုဆင်နွှဲခြင်း၊ အခြေနေအသေးစိတ်ကို အသိပေးခြင်း၊ မှားယွင်းနိုင်တဲ့အခြေနေတွေကို ကြိုတင်မျှော်မှန်းထားခြင်းတို့ပဲ ဖြစ်ပါတယ်။ ဒါမှသာ တပ်မှူးတွေအနေနဲ့ မှားယွင်းပစ်ခတ်မှုတွေ မရှိစေဖို့ ကြီးကြပ် နိုင်စွမ်းရှိမှာ ဖြစ်ပါတယ်။

## ခေါင်းဆောင်မှု
## (Leadership)

တိုက်စွမ်းအားရဲ့ အဓိကကျအရေးပါတဲ့ အစိတ်အပိုင်းမှာ လုပ်ရည်ကိုင်ရည်ရှိပြီး မိမိကိုယ်ကိုယ် ယုံကြည်စိတ်ချမှုအပြည့်ရှိတဲ့ အရာရှိနဲ့အကြပ်တွေရှိခြင်းပဲဖြစ်ပါတယ်။ ခေါင်းဆောင်မှုကသာ စစ်သည်တွေကို တိုက်ပွဲအောင်မြင်အောင် တိုက်ပွဲဝင်တိုက်ခိုက်ဖို့ ဦးဆောင် နိုင်စွမ်းရှိပါတယ်။ ခေါင်းဆောင်မှုအရသာ ရဲဘော်တွေဟာ ရည်ရွယ်ချက်၊ ခံယူချက်၊ ယုံကြည်ချက်တွေနဲ့ တိုက်ပွဲဝင်ကြမှာ ဖြစ်ပါတယ်။ ခေါင်းဆောင်တွေအနေနဲ့ စစ်ကစားခြင်း၊ ပစ်အား၊ အကာကွယ်တွေကို ရန်သူကိုအထိရောက်ဆုံးအသုံးချနိုင်ဖို့ စီမံကြရပါတယ်။ ဒါကြောင့် အရာရှိတွေကို မိမိတို့ရဲ့မူလတာဝန်ဖြစ်တဲ့ စစ်ဆင်မှုအတွက် အသင့်ဖြစ်အောင် လေ့လာခြင်း၊ ပညာရပ်ပိုင်းမှာကျွမ်းကျင်ပြည့်ဝမှုရှိခြင်းနဲ့ စစ်အတွက်ပြင်ဆင် လေ့ကျင့်ခြင်းတို့ထက် အရေးပါတဲ့တာဝန် မရှိပါ။ ဒါမှသာတိုက်ပွဲမှာ ရဲဘော်တွေ၊ တပ်တွေနဲ့ ခေါင်းဆောင်အပေါ် စစ်ပွဲရဲ့လွှမ်းမိုးမှုတွေကို နားလည်နိုင်မှာဖြစ်တယ်။ ပုံမှန်အားဖြင့် အခြေခံသဘောတရား၊ စစ်သမိုင်း စစ်သဘောတရား၊ သိသာထင်ရှားတဲ့ စစ်ခေါင်းဆောင်တွေရဲ့ အတ္ထုပ္ပတ္တိတွေကို လေ့လာခြင်းက တန်ဖိုးမဖြတ်နိုင်ပါဘူး။ တပ်မှူးတွေရဲ့ လုပ်ရည်ကိုင်ရည်၊ ကိုယ်ရည်ကိုယ်သွေး၊ စိတ်ဓာတ်ပြင်းပြမှုတွေဟာ တပ်တတပ်ရဲ့ တိုက်စွမ်းရည်ကို များစွာတိုးတက်စေပါတယ်။

# ဒရုန်းအန္တရာယ်မှကာကွယ်ခြင်း




## စိတ်ဓာတ်

ရုပ်ဝတ္ထုပစ္စည်းအင်အားချင်းတူရင် စိတ်ပိုင်းဆိုင်ရာစွမ်းအားတွေဖြစ်တဲ့ ကျွမ်းကျင်မှု၊ ရဲစွမ်းသတ္တိ၊ အကျင့်စာရိတ္တ၊ ကြိုးစားအားထုတ်မှု၊ တီထွင်ဖန်တီးဉာဏ်ရှိမှု၊ ခေါင်းဆောင်နဲ့တကွ စစ်သည်တွေရဲ့ စိတ်ဓာတ်တွေက အမြဲတမ်းအဆုံးအဖြတ်ပေးနိုင်တဲ့ အချက်တွေပဲဖြစ်ပါတယ်။ စိတ်ဓာတ် ကောင်းမွန်ဖို့ စည်းကမ်းရှိမှု၊ ခံနိုင်ရည်ရှိမှု၊ သတ္တိဗျတ္တိရှိမှု၊ ရဲဘော်ရဲဘက်စိတ်ရှိမှု၊ သစ္စာရှိမှုတွေကို တည်ဆောက်ပြီး တိုက်စွမ်းရည်ကောင်းလာအောင် ဆောင်ရွက်ဖို့လိုပါတယ်။

## တိုက်စွမ်းအား၏ အစိတ်အပိုင်းများ

တပ်မှူးတဦးအနေနဲ့ တိုက်စွမ်းအားတိုးမြှင့်စေဖို့ ပေါင်းစပ်အသုံးပြုရမယ့် အခြေခံအချက်တွေ ရှိပါတယ်။

(က) ထောက်လှမ်းရေး
(ခ) စစ်ကစားနိုင်ခြင်း
(ဂ) ပစ်အားအကူ
(ဃ) လေကြောင်းရန်ကာကွယ်ရေး
(င) ရွေ့ပြောင်းနိုင်မှုနှင့် ရန်သူ့တိုက်ခိုက်မှုမှ လွတ်မြောက်နိုင်မှု
(စ) အုပ်ချုပ်ထောက်ပံ့မှု
(င) တပ်ဖွဲ့ကွပ်ကဲမှုစတဲ့ အချက်တွေဖြစ်ပါတယ်။

*မိုးမြင့်ကျော် Ref - လေ့ကျင့်ရေးစာစောင်*

မြေပြင်တိုက်ပွဲများတွင်း အကြိမ်ကြိမ် ရှုံးနိမ့်လျက်ရှိသည့် စစ်ကောင်စီသည် ၎င်းတို့၏ တပ်အင်အားနှင့် သက်တမ်းကို ဆန့်ထုတ်နိုင်ရန် အလို့ငှါ လေတပ်နှင့် နည်းပညာ တပ်များကို အဆင့်မြှင့်တင်ခြင်း၊ မဟာမိတ် ရုရှားနှင့် တရုတ်တို့ထံမှ နည်းပညာ အကူအညီများ တောင်းခံခြင်းတို့ဖြင့် ထပ်မံကြိုးစားလာသည်။ စစ်ကောင်စီသည် ၎င်းတို့၏ မဟာမိတ်များထံမှ နိုင်ငံအဆင့်နည်းပညာ အကူအညီများ ရရှိထားသည့်အတွက် တော်လှန်ရေး တပ်များအတွက် ကြိုတင် ပြင်ဆင်နိုင်စွမ်းသည် အသက်တမျှ အရေးကြီးလာသည်။ ယခုကာလသည် ပြည်သူ့ ကာကွယ်ရေး တပ်မတော်အနေဖြင့် ထိုးစစ်များ ဆင်နွှဲနေသည့် ကာလဖြစ်သည့်အလျောက် မြေပြင်တိုက်ပွဲများတွင် ရန်သူမှ ဒရုန်းဖြင့် ထောက်လှမ်း တိုက်ခိုက်ခြင်းသည် ကာကွယ်ရေး တပ်ဖွဲ့ဝင်များအတွက် စိန်ခေါ်မှု တရပ် ဖြစ်လာခြင်းကြောင့် ထိုရန်မှ ကာကွယ်နိုင်ရန် ရည်ရွယ်၍ ယခု ဆောင်းပါးကို ရေးသားလိုက်ရခြင်း ဖြစ်သည်။ ကာကွယ်ရေးတပ်ဖွဲ့များသည် တိုက်ပွဲအတွေ့အကြုံ များလာသည်နှင့် ထပ်တူ ဒရုန်းအန္တရာယ်နှင့် ကြုံလာရသည့် အခိုက်အတန့်များ ရှိလာခြင်းကြောင့် ယခုအချက်များကို သိရှိပြီးဖြစ်ပါသော်လည်း သတိမမူမိသည့် အချိန်များ ရှိလာကြသည်။ မြေပြင်ထိုးစစ်များအတွင်း လုံခြုံစွာ နေထိုင်နိုင်ရန် အောက်ပါ နည်းလမ်းများကို ပေါင်းစပ်အသုံးပြုရန် လိုအပ်သည်။

## Detection and Monitoring

ဒရုန်းလာသည်ကို ကြိုတင်သိရှိခြင်းသည် ကာကွယ်ရေး၏ အခြေခံအကျဆုံး အဆင့်ဖြစ်သည်။ လူဖြင့် စောင့်ကြည့် သတိပေးခြင်း၊ နည်းပညာမြင့် Jammer များ၊ Spoofer များတွင် ပါဝင်သည့် စနစ်များဖြင့် စောင့်ကြပ် ကြည့်ရှုခြင်း၊ လေကြောင်းရန်ကာကွယ်ရေး နည်းပညာများတွင် UAV များဝင်ရောက်ခြင်းမှ ကြိုတင် သိရှိနိုင်ရန် စီစဉ်ထားသည့် ရေဒါစနစ်များဖြင့် စောင့်ကြည့်၍လည်း ဒရုန်း

တက်သည်ကို သိရှိနိုင်သည်။ Multi-Rotor အမျိုးအစား လေးလက်၊ ခြောက်လက်၊ ရှစ်လက် စသဖြင့် ဒရုန်းများတွင် ပန်ကာသံ ဆူညံ ကျယ်လောင်စွာ ကြားရသည့် အားနည်းချက်ရှိသည့်အတွက် ကြိုတင် သိရှိနိုင်ပြီး ပြင်ဆင်ချိန် ရရှိနိုင်သည်။

## Electronic Countermeasures

ဂျမ်မာများတွင် Jamming ပုံစံ (၂) မျိုးရှိသည်။ Radio Frequency Jamming နှင့် GPS Jamming ဖြစ်ပြီး ၎င်း Jamming စနစ်များကို အပြည့်အဝ အသုံးပြုခြင်းဖြင့် ဒရုန်းအားထိန်းချုပ်မှု (Control Signal) နှင့် ဒရုန်း၏ လမ်းညွှန်တည်နေရာပြစနစ် (GPS Navigation System) ကို နှောင့်ယှက်နိုင်ပြီး ဒရုန်းများအား ပြုတ်ကျ ပျက်စီးသည်အထိ ဖြစ်စေနိုင်သည်။ အထိုင် Station Jammer များ၊ Spoofer များ၊ Slayer ကဲ့သို့သော Jammer များ ဖြင့် ရန်သူနှင့် ၎င်း၏ ဒရုန်းများကြားဆက်သွယ်မှုများကို နှောင့်ယှက်ခြင်း၊ Radio Frequency and GPS Jamming စနစ်များကို အသုံးပြုခြင်းဖြင့် ရန်သူ့ ဒရုန်းများအား နှောင့်ယှက်ပျက်စီးစေနိုင်သည်။

ထို့အပြင် ရန်သူမှ ကင်းထောက်ဒရုန်းဖြင့် ထောက်လှမ်းပြီး အချိန်နှင့် တပြေးညီ တိုက်ခိုက်ခြင်း လျော့နည်းသွားစေရန် Jamming စနစ်များအား အဓိကဦးစားပေးအနေဖြင့် ဖြည့်တင်းသင့်သည်။ Anti-Drone Guns များမှာမူ ဦးတည်ရာ အရပ်မျက်နှာ တခုတည်းသို့သာ Frequency Jamming ပြုလုပ်သည့်အတွက် ထိရောက်မှု အားနည်းလေ့ရှိသည်။

## Physical Barriers and Concealment

စစ်ကြောင်းချီရာတွင် သတ်မှတ်အကွာအဝေးအတိုင်းသာ လျှောက်လှမ်းခြင်း၊ အခြေပြုရာနေရာတွင် စုပြုံနေထိုင်ခြင်း၊ စုပေါင်းအိပ်စက်ခြင်းကို ရှောင်ရှားခြင်း၊ ဟင်းလင်းပြင်နေရာများကို ရှောင်ရှားခြင်း၊ အရိပ်ကျသော နေရာများနှင့် သစ်ပင်များအောက်တွင် နေထိုင်ခြင်း၊ ပုံဖျက်နိုင်သည့် အသုံးအဆောင်ပစ္စည်းများ အသုံးပြုခြင်း၊ ကတုတ်ကျင်းနှင့် ဆက်သွယ်ရေးမြောင်းများအတွင်း နေထိုင်ခြင်း၊ အခိုင်အမာ အဆောက်အဦးများတွင် နေထိုင်ခြင်းတို့ဖြင့် ဒရုန်း၏ လုပ်နိုင်စွမ်းနှင့် ထိရောက်မှုကို အားနည်းစေနိုင်သည်။ သစ်တော၊ တောင် နှင့် မြို့ပြဒေသ စသည်တို့၏ သဘာဝ အကာအကွယ်များ ရယူခြင်း၊ ပုံဖျက်၊ ဖုံးကွယ် နိုင်သည့် အသုံးအဆောင်များ အသုံးပြုခြင်း၊ ရာသီဥတု၏ အားသာချက်ကို ရယူခြင်းတို့ဖြင့် ဒရုန်း၏ မြင်နိုင်စွမ်းကို အကန့်အသတ် ဖြစ်စေသည်။ ဒရုန်းများရန်မှ ကာကွယ်ရန် တပ်များ အခြေပြုရာတွင် ဒရုန်းရန် ကာကွယ်နိုင်ရန် ကြိုတင် တွေးတောထားခြင်း၊ ရှေ့တန်း ခံစစ်နေရာများတွင် ဘန်ကာနှင့် အကာအကွယ်များ တည်ဆောက်ခြင်း၊ သတိလက်လွတ် မနေထိုင်ခြင်း၊ ခန့်မှန်းရန် ခက်ခဲသည့် ရွေ့လျားမှုများ အသုံးပြု၍ ရန်သူ့အမြင်အား လှည့်ဖြားခြင်း၊ နေရာ မကြာခဏပြောင်းလဲခြင်းတို့ဖြင့် ဒရုန်းရန်မှ အထိုက်အလျောက် ကာကွယ်နိုင်သည်။

နားလည်ထားရမည့် ဒရုန်းများ၏ အားနည်းချက်၊ အားသာချက်နှင့် အကန့်အသတ်များ

## ရန်သူ့ အားသာချက်

ဒရုန်းနည်းပညာအား မဟာမိတ်နိုင်ငံများဖြစ်သည့် တရုတ်၊ ရုရှားတို့ထံမှ နည်းပညာနှင့် အကူအညီများ ကျယ်ပြန့်စွာရရှိခြင်း၊

က.ပ.စ ပေါက်ကွဲနိုင်စွမ်းမြင့် ဗုံးသီးများအား ကျယ်ပြန့်စွာ ထုတ်လုပ်၍ စိတ်တိုင်းကျ အသုံးပြုနိုင်ခြင်း၊

စစ်ဆင်ရေးအတွင်းဆိုပါက ခံစစ်ဖြစ်သည့်အတွက် ပျံသန်းရမည့် အကွာအဝေးနှင့် ပျံသန်းချိန် တိုတောင်းခြင်း ၊

ဒရုန်းရန် ကာကွယ်ရန် ပစ်ကျင်းများ၊ ဆက်သွယ်ရေးမြောင်းများ၊ လှိုဏ်ခေါင်းများအား အပင်ပန်းခံ တူးဖော်ထားခြင်း၊

ကြိုတင်ပြင်ဆင်မှု အားကောင်းခြင်း၊

Jammer များအား တနိုင်ငံလုံး အတိုင်းအတာဖြင့် တပ်ဌာနတိုင်းအတွက် ထုတ်ပေးထားနိုင်ခြင်း။

တော်လှန်ရေး တပ်ဖွဲ့များအနေဖြင့် တနိုင်ငံလုံးအတိုင်းအတာနှင့် Anti – Drone System (Jammer) များအား ထိထိရောက်ရောက် အသုံးပြုနိုင်မှု မရှိခြင်း၊

ဒရုန်းနှင့် လေယာဉ်များ တွဲဖက်အသုံးပြုနိုင်ခြင်း။

Thermal နည်းပညာသုံး ဒရုန်းများအား အလွယ်တကူ ဝယ်ယူ အသုံးပြုနိုင်ခြင်း။

ထောက်ပံ့ပို့ဆောင်ရေး နှင့် ကောင်းမွန်ခြင်း။

## ရန်သူ့ အားနည်းချက်

ဒရုန်းနည်းပညာအား ကျယ်ပြန့်စွာ အသုံးချနိုင်မည့် လူ့စွမ်းအားအရင်းအမြစ် လုံလောက်စွာ မရှိခြင်း။ (ယာယီအားဖြင့်)

မြို့တွင်း စစ်ဆင်ရေးများအတွင်း ခံစစ်ဆင်ရာတွင် ဒရုန်းတက်ရောက်ပျံသန်းနိုင်ရန် နေရာ ရှားပါးခြင်း။

ဒရုန်းပျံသန်းသည့်နေရာအား Counter-Attack ပြုလုပ်ခံရနိုင်ချေများပြားခြင်း။

## Multi-Rotor အမျိုးအစား ဒရုန်းများ

စစ်ကောင်စီ လက်ရှိ အသုံးပြုလျက်ရှိသော ဒရုန်းများသည် Multi-Rotor အမျိုးအစား ဒရုန်းများဖြစ်ပြီး ၄ လက်နှင့် ၆ လက် ဒရုန်းများ ဖြစ်ကြသည်။ ရခိုင်ပြည်နယ်၊ အမ်းမြို့နယ် ကမြင်းကန်၊ ပိန်းရေစမ်း၊ ကြက်ရေစမ်း ကျေးရွာ အနီးတိုက်ပွဲများတွင် သိမ်းဆည်းရမိသည့် ဒရုန်းများမှာမူ 1027 စစ်ဆင်ရေးအတွင်း MNDAA တပ်ဖွဲ့ဝင်များ အသုံးပြုသည့် ပေါင် ၂၀၀ ဖုံးသီး သယ်ဆောင်နိုင်သည့် ဒရုန်းအမျိုးအစားနှင့် အတူတူ ဖြစ်နေသည်ကို တွေ့ရှိရသည်။ Multi-Rotor အမျိုးအစား ဒရုန်းများ၏ အားသာချက်မှာ ရပ်တန့်၍ ပစ်မှတ်အား ဖြုတ်ချနိုင်သည့်အတွက် တိုက်ခိုက်လိုသည့်နေရာသို့ တိကျစွာ တိုက်ခိုက်နိုင်သည်။ သွယ်ဝိုက်ပစ်ကူလက်နက်များကဲ့သို့ မြန်ဆန်စွာ ပစ်ခတ်တိုက်ခိုက် နိုင်ခြင်း မရှိပေ။ အများစုသော ဒရုန်းများမှာ ဂျမ်မာနှင့် လက်နက်များဖြင့် ပစ်ခတ်ခြင်းမှ ကာကွယ်နိုင်ရန် မီတာ ၅၀၀ အထက် အမြင့်မှ ပျံသန်းကာ ဖုံးသီး ဖြုတ်ချ တိုက်ခိုက်လေ့ရှိကြသည်။ ထို့ကြောင့် ဖုံးသီးများမှာ အလေးချိန်၊ ဦးတည်ရာ၊ လေတိုက်နှုန်းတို့အပေါ် မူတည်၍ ပစ်မှတ် (မပည) နှင့် မီတာ အတန်ငယ် လွဲမှားနိုင်သည်။ ထို့ကြောင့် Multi-Rotor အမျိုးအစား ဒရုန်းများဖြင့် တိုက်ခိုက်လာပါက ကတုတ်ကျင်းများ၊ ဆက်သွယ်ရေးမြောင်းများ၊ ကိုယ်စီပစ်ကျင်းများတွင် ဝပ်နေခြင်းဖြင့် ကာကွယ်နိုင်သည်။ အကယ်၍ ဟင်းလင်းပြင်တွင်ရှိစဉ် ဒရုန်းဖြင့် တိုက်ခိုက်ခံရခြင်း၊ ရန်သူမှ ကင်းထောက် ဒရုန်းများဖြင့် မိမိတို့ လှုပ်ရှားမှုများကို အချိန်နှင့် တပြေးညီ စောင့်ကြည့်ပြီး တိုက်ခိုက်ခြင်းများ ပြုလုပ်လာပါက တစုတဝေးတည်း ပြေးခြင်းထက် လူဖြန့်ခွဲ ပြေးခြင်းက မောင်းနှင်သည့် Pilot ကို ဝေခွဲမရဖြစ်စေသည်။ စစ်ကောင်စီ အသုံးပြုနေသည့် တိုက်ခိုက်ရေး ဒရုန်းများတွင် ကင်မရာ ပါဝင်သဖြင့် ကင်မရာမှတဆင့် ကြည့်ရှုတိုက်ခိုက်နိုင်သည်။ Multi Rotor အမျိုးအစား ဒရုန်းများမှာ ပန်ကာသံ ဆူညံကျယ်လောင်စွာ ကြားရသဖြင့် ဒရုန်းတက်လာသည်ကို မီတာ ၁,၀၀၀ အကွာမှပင် ကြိုတင်သိရှိနိုင်သည့်အတွက် ပြင်ဆင်ချိန် ရရှိနိုင်သည်။ တကြိမ်တိုက်ခိုက်ပြီး နောက်တကြိမ် တိုက်ခိုက်ရန် ဆယ်မိနစ်ဝန်းကျင်ခန့် ကြာမြင့်နိုင်သည်။

## FPV အမျိုးအစား ဒရုန်းများ

FPV အမျိုးအစား ဒရုန်းများကို စစ်ကောင်စီအနေဖြင့် Suicide Drone ( အသေခံ ဒရုန်း) အဖြစ်အသုံးပြုသည်။ ဖုံးသီးကို ယာဉ်တွင်သေချာစွာတပ်ဆင်ပြီး Point on detonate (ထိကွဲ) အမျိုးအစားနှင့် Electrical detonate( ရှော့ တိုက်ကွဲ) အဖြစ် ဖုံးသီးများကို က.ပ.စ များမှထုတ်လုပ်ထားသည်။ လတ်တလော ကာလတွင် အမျိုးအစားအားဖြင့် VT40 နှင့် HSSD 8 ဟုအမည်ပေးထားသော FPV Drone နှစ်မျိုးကိုအသုံးပြုကာ တိုက်ခိုက်လျက်ရှိသော်လည်း ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုမှုမရှိပေ။ ဖော်ပြပါ စစ်ကောင်စီသုံး FPV Suicide Drone နှစ်မျိုးတွင် ရုရှားထုတ် VT40 အမျိုးအစားကို အသုံးပြုမှုနည်းပါးပြီး ပြည်တွင်းရှိ စစ်ဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်များမှ တပ်ဆင် ထုတ်လုပ်ထားသော HSSD 8 အမျိုးအစားကိုသာ တွင်တွင်ကျယ်ကျယ် အသုံးပြုပြီး 3KG အလေးချိန်ရှိသော ကပစထုတ် Suicide Drone ဖုံးသီးများကိုသာ အမျိုးအစား နှစ်ခုလုံးတွင် အသုံးပြုတိုက်ခိုက်လျက်ရှိသည်။ FPV Suicide Drone များကိုထိတွေ့မှုနှင့် စစ်ရေးအလှုပ်ရှားဆုံးဖြစ်ခဲ့သော ထီးချိုင့်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်မှ ဝါရာဇွပ် ပြည်သူ့စစ်အဖွဲ့ နှင့် ရှမ်းပြည်နယ်တို့တွင် အသုံးပြုနေသည်ကို တွေ့ရပြီး HSSD 8 အမျိုးအစားမှာ အများဆုံးဖြစ်သည်။ FPV Drone များကို စစ်ကောင်စီအနေဖြင့် Drone အဖြစ်အသုံးပြုသည်ထက် Loiter ammunition (ပဲထိန်းခဲယမ်း) အဖြစ်ပေါင်းစပ်အသုံးပြုသည်။ FPV Drone များကို ကာကွယ်ရန်မှာ မျက်ကွယ်ဖြစ်သော အကာအကွယ်များသည် အထိရောက်ဆုံးဖြစ်သည်။( ဥပမာ - သံဇကာ၊ မိုးကာနှင့်အခြား ပျံသန်းမှုကိုအတားအဆီးဖြစ်စေသောအရာများ) ထို့အပြင် Electronic Countermeasures ကို အသုံးပြုနိုင်သော်လည်း FPV Drone တို့သည် အနိမ့်ပျံသန်းခြင်းနှင့် အလျင်အမြန် ပျံသန်းနိုင်ခြင်းတို့ကြောင့် ထိရောက်မှု အားနည်းနိုင်ပြီး ရန်သူဘက်မှ FPV Drone ကို Radio Frequency အစား Fiber Optic Cable ကို အသုံးပြုပြီး ထိန်းချုပ်တိုက်ခိုက်ပါက Electronic Countermeasures များဖြင့်လည်း ကာကွယ်ခြင်း မပြုနိုင်ပေ။ သို့သော် လတ်တလော စစ်ကောင်စီ အသုံးပြုနေသည့်ပုံအရ ကာကွယ်မည်ဆိုပါက 915MHz ,2.4MHz, 800MHz စသည့် Radio Frequency များအတွက် Radio Jammer များကို အနိမ့်ပိုင်း ထိရောက်စေရန် ပြုပြင်ပြီး ကာကွယ်နိုင်သည်။

## Reconnaissance ကင်းထောက်လှမ်းခြင်း

ကင်းထောက်လှမ်းခြင်းအတွက် စစ်ကောင်စီသည် Thermal Imagine နည်းပညာသုံး ထောက်လှမ်းရေး ဒရုန်းများကို အသုံးပြုလေ့ရှိသည်။ လူနှင့် တိရိစ္ဆာန်တို့၏ ခန္ဓာကိုယ်အပူချိန်ကို ထောက်လှမ်းသိရှိနိုင်သည့် Thermal နည်းပညာ ပါဝင်သည့် DJI ဒရုန်းများ၊ အချိန်ကြာမြင့်စွာပျံသန်းနိုင်ပြီး၊ ခရီးဝေး အနည်းဆုံး မီတာ ၃ သောင်းခန့် သွားလာနိုင်သည့် VTOL ဒရုန်းများဖြင့် ညအချိန် လူသူလှုပ်ရှားမှု အများဆုံးအချိန်ဖြစ်ပြီး၊ အပူအချိန် လျော့နည်းရာ ည ၆ နာရီမှ ၈ နာရီအတွင်း ပျံသန်း၍ တပ်တည်၊ တပ်လှုပ်များကို ထောက်လှမ်း

လေ့ရှိသည်။ Thermal Imagine နည်းပညာသုံး ဒရုန်းများသည် အမြင့် မီတာ/ပေ မြင့်မားစွာ ပျံသန်းပါက တိကျသည့် အချက်အလက်များကို ပေးစွမ်းနိုင်ခြင်း မရှိသည့်အတွက် ခပ်နိမ့်နိမ့် ပျံသန်းကြသည်။ တော၊ တောင်နှင့် ဟင်းလင်းပြင်များတွင် Thermal Imagine နည်းပညာသုံး ဒရုန်းများမှာ ကောင်းမွန်စွာ လုပ်ဆောင်နိုင်ကြပြီး၊ တိုက်များ၊ အဆောက်အဦများအတွင်းတွင်မူ ကောင်းမွန်သော ထောက်လှမ်းရေးရလဒ်များ ပေးစွမ်းနိုင်ခြင်းမရှိပေ။ သို့တစေ Thermal Imagine Drone များမှာ ချေမှုန်းရေး တပ်ဖွဲ့ဝင်များအတွက် စိန်ခေါ်မှုတရပ် ဖြစ်နေသည်။

ဒရုန်းအန္တရာယ်မှ ကာကွယ်နိုင်ရန် အထက်တွင် ဖော်ပြထားသော နည်းလမ်းများ အားလုံးကို ပေါင်းစပ် အသုံးပြုနိုင်ရန် လိုအပ်ပါသည်။ တော်လှန်ရေး အင်အားစုချင်း နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် မြေပြင်တပ်ဖွဲ့များအား ဒရုန်းနှင့် ပက်သက်သည့် အသိပညာ ဖြန့်ဝေခြင်းတို့သည်လည်း အရေးကြီးသည့် အကြောင်းရင်းများ ဖြစ်သည်။ လုံခြုံရေး အစီအမံများကို အမြဲစီမံ အသင့်ပြင်ဆင်ထားရန်၊ မိမိကိုယ်တိုင်နှင့် တပ်များအတွက် ဒရုန်းအန္တရာယ်မှ ကာကွယ်ရန် တပ်မှူးများမှ ထည့်သွင်းစဉ်းစားပြီး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန်မှာ အရေးတကြီး လိုအပ်ပါသည်။

ပျံလွှား၊ အာကာကျော်



ကိုလတ်

# ကိုယ့်ထံ အိတ်ဖွင့်ပေးစာ – ၃

ကိုယ်ရေ…

ဒီအပတ်တော့ ကိုယ်တို့လို ခေါင်းဆောင်ငယ်တွေနဲ့ ခေါင်းဆောင်ဖြစ်ဖို့ ကြိုးပမ်းနေတဲ့ လူငယ်တွေမှာ ရှိကိုရှိရမယ့် အရည်အချင်းတခုဖြစ်တဲ့ “စည်းကမ်း”အကြောင်းကို ပြောပြချင်တယ်။ “လူတိုင်းက စည်းကမ်းရှိသင့်တာပေါ့” လို့ စောဒကတက်နိုင်ပါတယ်။ ဒါပေမယ့် ခေါင်းဆောင်တွေကသာ သိသာထူးခြားတဲ့ စည်းကမ်းတွေကို ချမှတ်လိုက်နာကျင့်သုံးလေ့ရှိကြပြီး ရည်မှန်းချက်ထားလေ့မရှိတဲ့ လူတွေကတော့ စည်းကမ်းကို မွေးမြူရကောင်းမှန်း မသိကြတာဟာ တိုက်ဆိုင်မှုတော့ မဖြစ်နိုင်ဘူးပေါ့။ ဝေါဟာရဖွဲ့စည်းပုံအရ “စည်း” က အဟန့်အတားလို့ အဓိပ္ပါယ်ရသလို “ကမ်း” က အနားသတ်လို့ အဓိပ္ပါယ်ရတာကြောင့် ပေါင်းစပ်အဓိပ္ပါယ်ဟာ မိမိကိုယ်ကို မလိုလားအပ်တဲ့ အကြောင်းအရာတွေကနေ နယ်နိမိတ်ပိုင်းခြားခြင်းလို့ ယူဆနိုင်တယ်။ စည်းကမ်းကို လိုက်နာကျင့်သုံးပုံအရ ခွဲခြားရရင် “လူရာဝင်ဖို့ စည်းကမ်း” နဲ့ “လူပီသဖို့ စည်းကမ်း” ဆိုပြီး နှစ်မျိုးခွဲခြားနိုင်တယ်။

စည်းကမ်းဆိုတာကို ရှေးအတီတေကတည်းက တွေးခေါ်ပညာရှင်တွေ ဆန်းစစ်သတ်မှတ်ပြီးတော့ ဖော်ဆောင်ကျင့်သုံးခဲ့ကြသလို ပုံစံအမျိုးမျိုးနဲ့လည်း ကိုယ့်ရဲ့အတွင်းစိတ်သန္တာန်မှာ အချိန်တိုင်းနီးပါး ကပ်ပါနေလေ့ရှိပါတယ်။ ကိုယ်ကတောင် သတိမထားမိဘဲ

လိုက်နာမိနေတဲ့ စည်းကမ်းတွေလည်း တပုံတပင် ရှိပါတယ်။ လူ့အသိုင်းအဝိုင်း ထဲကို ဝင်ဆန့်နိုင်ဖို့အတွက် လိုက်နာကျင့်သုံးရမယ့် သတ်မှတ်ချက်တွေက လူရာဝင်ဖို့ စည်းကမ်းတွေပါပဲ။ မလိုက်နာရင် ဖယ်ကျဉ်ခံရတာကနေ ထောင်သွင်းအကျဉ်းချတာအထိ သက်ရောက်မှု ရှိနိုင်ပါတယ်။ လူရယ်လို့ ဖြစ်လာကတည်းက လူ့ပတ်ဝန်းကျင်နဲ့ ရှင်သန်ကြရတာမို့ လူ့စည်းကမ်းတွေကို လူတိုင်းသိတယ်လို့ ယူဆနိုင်ပေမယ့် မလိုက်နာကြလို့ တရားဥပဒေတွေကို ချမှတ်ပြဋ္ဌာန်းထားရတယ်ဆိုတော့ လူဆိုတာ စည်းကမ်းနဲ့ ခါတ်မတည့်ဘူးဆိုတာ မြင်သာပါတယ်။ အသိုက်အဝန်းတခု ဒါမှမဟုတ် အသိုင်းအဝိုင်းတခုမှာ စည်းကမ်းမလိုက်နာတဲ့ လူဟာ အသုံးမဝင်ဘူး။ အသုံးကျနေရင်တောင်မှ စည်းကမ်းမလိုက်နာတဲ့ လူကို အသုံးပြုဖို့ ခက်တယ်။

လူပီသဖို့ စည်းကမ်းတွေကတော့ လူရာဝင်ဖို့ စည်းကမ်းတွေထက် ပိုပြီးတော့ သိမ်မွေ့တယ်။ လူသားတွေဟာ လွန်ခဲ့တဲ့ နှစ်ငါးထောင်လောက်က နေလုံးကြီးကို ကိုးကွယ်နေရာကနေ အခုဆို လေ့လာနိုင်တဲ့ စကြဝဠာက ၉၃ ဘီလီယံ အလင်းနှစ်အထိ အချင်းရှိလာတယ်။ ဒီလိုမျိုးတိုးတက်မှုဟာ အခြားသော သက်ရှိတွေထက် လူသားတွေက အလိုက်သင့် ပြောင်းလဲစဉ်းစားတွေးခေါ်နိုင်စွမ်းမှာ အပြတ်အသတ်သာတယ်ဆိုတာကို ပြသနေတာပဲ။ ဒါကြောင့် လူပီသဖို့အတွက် စည်းကမ်းဆိုတာ စဉ်ဆက်မပြတ် တိုးတက်ပြောင်းလဲခြင်းပဲလို့ ဆိုနိုင်တယ်။ စဉ်ဆက်မပြတ် တိုးတက်ပြောင်းလဲနေအောင်လို့ မိမိရဲ့ စိတ်နဲ့ကိုယ်ကို ထိန်းချုပ်ပြီးတော့ လုပ်သင့်လုပ်ထိုက်တာကို မဖြစ် ဖြစ်အောင်လုပ်ခြင်းသည် စည်းကမ်းပါပဲ။ တိုးတက်ပြောင်းလဲမှုတိုင်းဟာ စဉ်ဆက်မပြတ် လေ့လာ-ကျင့်သုံး-ဆန်းစစ်-ပြင်ဆင်-တိုးတက် ရေးစက်ဝန်း သို့မဟုတ် ဘဝအဆင့်ဆင့် ပြောင်းလဲလာခြင်းကြောင့် ဖြစ်ပွားလာရတယ်ဆိုရင် စည်းကမ်းကြောင့် တိုးတက်လာတာလို့ ပြောလို့ရတာပေါ့။

စည်းကမ်းလိုက်နာခြင်းက တိုးတက်ပြောင်းလဲမှုကို ခံယူခြင်းလို့ ဆိုနိုင်တယ်။ တိုးတက်နေဖို့အတွက် စည်းကမ်းတွေကို ချမှတ်ရာမှာလည်း ကိုယ့်ရဲ့ ပစ္စက္ခအခြေအနေကို ဆန်းစစ်နိုင်ဖို့ အရေးကြီးတယ်။ အခက်အခဲက နေရာတိုင်းမှာ ရှိနိုင်ပေမယ့် အခက်အခဲရှိရင် ကျော်လွှားနိုင်မယ့် နည်းလမ်းဆိုတာက ရှိစမြဲလေ။ ကိုယ်ပိုင်စည်းကမ်းကို မချမှတ်နိုင်ရင် သူများချမှတ်ထားတဲ့ စည်းကမ်းအောက်မှာပဲ ရှင်သန်သွားရလိမ့်မယ်။ ကိုယ့်စိတ်ကို ကိုယ်စည်းကမ်းကာလနား မကာရံထားနိုင်ရင်တော့ အရည်အသွေးနိမ့်တဲ့ ဘဝမှာပဲ လှော်ရင်းနစ်ရလိမ့်မယ်။

စည်းကမ်းလိုက်နာဖို့အတွက် ဆုံးမစာတွေကို နေရာအနှံ့အပြားမှာ ပုံစံအထွေထွေနဲ့ မြင်ရလေ့ရှိပါတယ်။ စည်းကမ်းလိုက်နာနိုင်ဖို့အတွက် ကိုယ့်အတွက် လိုအပ်မယ့် စည်းကမ်းတွေကို သတ်မှတ်နိုင်ရမယ်။ ဒီနေရာမှာ တဦးချင်းအမြင်အရ ကွဲပြားနိုင်ပေမယ့် အောင်မြင်သူတွေ၊ ထင်ရှားကျော်ကြားသူတွေဆီက ယထာဘူတကျတဲ့ စည်းကမ်းတွေကို ကိုယ့်အခြေအနေ၊ ကိုယ့်ရည်မှန်းချက်၊ ကိုယ့်ခံယူချက်တွေနဲ့ လျော်ညီအောင် ပြောင်းလဲကျင့်သုံးခြင်းဟာ အကျိုးရှိပါတယ်။ ကိုယ်ကိုယ်တိုင် ချမှတ်ထားတဲ့ စည်းကမ်းတွေကို ကိုယ်က ပြန်ချိုးဖောက်တယ်ဆိုရင်တော့ ကိုယ့်ရဲ့ တည်ကြည်မှုဟာ မေးခွန်းထုတ်စရာ ဖြစ်လာမယ်။ လူပီသဖို့ စည်းကမ်းတွေကို ချမှတ်ရာမှာ လက်တွေ့အသုံးဝင်မယ့် နည်းလမ်းတခုကို လမ်းညွှန်ချင်တယ်။

■ ကနဦးအနေနဲ့ ကိုယ်ရဲ့ တိုးတက်ဖို့လိုအပ်နေတဲ့ ကဏ္ဍတွေကို ဆန်းစစ်ပြီး ပိုင်းခြားသတ်မှတ်ပါ။ ဥပမာ - ကိုယ်ကျန်းမာရေး၊ စိတ်ကျန်းမာရေး၊ သက်မွေးဝမ်းကြောင်းမှုနဲ့ ဝါသနာ။

■ ကဏ္ဍတခုချင်းအတွက် ရေတိုနဲ့ ရေရှည်ရည်မှန်းချက်တွေကို ချမှတ်ပါ။ ဥပမာ - ၂၀၂၅ ခု နှစ်ကုန်၌ ဝမ်းဗိုက်ကြွက်သားထွက်ရန်၊ တရက်လျှင် ၁၀ မိနစ် တရားထိုင်ရန် ၊ ၂၀၂၅ ခု နှစ်ကုန်တွင် စာအုပ် ၁၂ အုပ် ဖတ်ရန်၊ ၂၀၂၅ ခု အတွင်း၌ လုပ်ငန်းနဲ့ဆိုင်တဲ့ သင်တန်းတခု တက်ရန်၊ ကိုယ့်ရဲ့ ဝါသနာကို တိုးတက်စေမယ့် သင်တန်းတခု တက်ရန်။ ရည်မှန်းချက်တိုင်းဟာ တိကျရမယ် (Specific)၊ တိုင်းတာနိုင်ရမယ် (Measurable)၊ အောင်မြင်နိုင်ရမယ် (Achievable)၊ သက်ဆိုင်မှုရှိရမယ် (Relevant)၊ အချိန်အပိုင်းအခြား သတ်မှတ်ချက်ရှိရမယ် (Time-bound)။ စည်းကမ်းရှိခြင်းဟာ တော်တည့်ခြင်း (Smartness) ကို ဆောင်ကျဉ်းပေးနိုင်တယ်။

■ ရည်မှန်းချက်တွေ ရလာပြီဆိုရင် အကောင်အထည်ဖော်ဖို့ လုပ်ငန်းစဉ်တွေကို သတ်မှတ်ရမယ်။ လုပ်ငန်းစဉ်ဆိုတာက ကိုယ့်ရဲ့ ရည်မှန်းချက်တွေဆီကို အရောက်လှမ်းနိုင်ဖို့အတွက် သွားရမယ့် လမ်းကြောင်း အဆင့်ဆင့်ကို ဖော်ညွှန်းတယ်။ ဥပမာ - ၂၀၂၅ ခု နှစ်ကုန်

မှာ ဝမ်းဗိုက်ကြွက်သားပေါ်လာဖို့အတွက် ရည်မှန်းချက် ချထားတယ်ဆိုရင် မတ်လကနေ ဒီဇင်ဘာလအထိ လုပ်သွားရမယ့် လေ့ကျင့်ခန်းတွေကို အစဉ်လိုက် သတ်မှတ်ထားရမယ်။ လစဉ်တိုးတက်မှုကို စောင့်ကြည့်နိုင်ဖို့အတွက်လည်း ဆန်းစစ်ချိန် (Check Point) ထားရမယ်။ လေ့ကျင့်ခန်းလုပ်ပြီးရင် အနားယူဖို့နဲ့ အားပြန်ဖြည့်ဖို့အတွက်ကိုပါ အစီအစဉ်ချထားရမယ်။ အဲ့ဒီအကြောင်းအရာတွေကို အားလုံးစုပေါင်းလိုက်ရင် လုပ်ငန်းစဉ်တခု ဖြစ်လာပြီပေါ့။ ကိုယ်ချမှတ်ထားတဲ့ လုပ်ငန်းစဉ်အပေါ်မှာ ယုံကြည်မှုရှိရှိ၊ စိတ်ဓါတ်ခိုင်ခိုင်မာမာနဲ့ တနေ့ချင်း၊ တပတ်ချင်း၊ တလချင်း ရှေ့ဆက်လှမ်းနိုင်ခြင်းသည် စည်းကမ်းပဲ။ စိတ်အားတက်ကြွမှု (Motivation) ဆိုတာက သဘာဝရှိသောပဲ၊ ဇွဲဆော်မှုသက်သက်ဖြစ်လို့ ကြာရှည်တည်မြဲလေ့ မရှိဘူး၊ စည်းကမ်းရှိမှသာ ယုံကြည်ချက် ခိုင်မြဲနိုင်မယ်။ ရေရှည်လျှောက်လှမ်းရမယ့် ဘဝလမ်းမှာ စည်းကမ်းကသာ အကောင်းအဆိုးကို ဆုံးဖြတ်ပေးမှာ ဖြစ်တယ်။ အခုလို ဉာဏ်ရည်တုခေတ်မှာ ကိုယ်ပိုင်ရည်မှန်းချက်တွေကို မိနစ်ပိုင်းအတွင်းမှာ ရေးဆွဲခိုင်းလို့ရပါတယ်၊ ကွန်ပြူတာက လူသားတွေထက် ပိုတော်တယ်ဆိုတာကို မမေ့ပါနဲ့။

နောက်ဆုံးတခုကတော့ စိတ်ရှည်ပါ။ တနေ့ချင်း လိုက်နာရမယ့် စည်းကမ်းတွေကို စိတ်အားမတက်ကြွနေရင်တောင် လိုက်နာနိုင်ဖို့အတွက် ကိုယ်ရည်မှန်းထားတဲ့ ပန်းတိုင်ကို အနုလုံပဋိလုံ တွေးထားဖို့ လိုတယ်။ ကိုယ့်ပန်းတိုင်ကို ပြတ်ပြတ်ထင်ထင်မြင်နိုင်မှသာ ခြေလှမ်းတိုင်းကို တည်တည်ငြိမ်ငြိမ်နဲ့ ရှေ့ဆက်လှမ်းနိုင်မယ်။

ကိုယ်ပိုင်စည်းကမ်းနဲ့ ကိုယ်ကျင့်တရားက မတူပါဘူး။ ကိုယ်ကျင့်တရားက ကိုယ်ရဲ့ ယုံကြည်မှုအပေါ်မှာ အခြေတည်ပါတယ်။ ကိုယ်ပိုင်စည်းကမ်းကတော့ ကိုယ်ရဲ့ ရည်မှန်းချက်အပေါ်မှာ အခြေတည်ပါတယ်။ လူတဦးတယောက်ချင်းဟာ ကိုယ်ကျင့်တရား ကွဲပြားခြားနားကြသလို ကိုယ်ပိုင်စည်းကမ်းတွေမှာလည်း ထပ်တူကျနေဖို့ မလိုပါဘူး။ ကိုယ့်ရဲ့ ကိုယ်ပိုင်ဉာဏ်နဲ့ အကျိုးအကြောင်း၊ အဆိုးအကောင်းကို ဆန်းစစ်ဝေဖန်သုံးသပ်ပြီးတော့ သင့်လျော်မယ့် စည်းကမ်းတွေကို ချမှတ်ကျင့်ကြံရပါမယ်။ မမေ့မလျော့၊ မပေါ့မဆဘဲနဲ့ တနေ့တာချင်းကို စည်းကမ်းတကျ ဖြတ်သန်းရင်း တိုင်းပြည်နဲ့လူမျိုးအတွက် ဒီမိုကရေစီပန်းတိုင်ကို မလွဲမသွေ ဆောင်ကျဉ်းပေးနိုင်ပါစေ။

ကျော်ဇောခိုင်

# နယ်မြေကို အချိန်ရှထောင့်က ချဉ်းကပ်ခြင်း




ပြီးခဲ့တဲ့အပတ်က အေးရှားတိုင်းမ်် စစ်ရေးသုတေသီ အန်သိုနီဒေးဗစ်ရဲ့ မြန်မာ့တော်လှန်ရေးကို fluid war လို့သုံးခဲ့တာဟာ ၂၀၂၅ အတွင်း ပြတ်ပြတ်သားသား ခန့်မှန်းရခက်တဲ့ ရလဒ်အခြေအနေကို ရည်ညွှန်းလိုသလို တိုက်ပွဲတွေမှာသုံးတဲ့ နည်းဗျူဟာတွေပေါ်ဆက်စပ်သုံးနှုံးပုံရတာ တွေ့ရတယ်။ တကယ်တော့ fluid war ဆိုတဲ့အသုံးဟာ မြန်မာစစ်တိုင်းတွေအတွင်းမှာ တိုက်နေရတဲ့ အခြေအနေတွေကို အဓိကထား သုံးစွဲပုံရတယ်လို့ ယူဆတယ်။ ဒါဆို တခြား စစ်ရေးဗျူဟာတွေနဲ့ ပရိယာယ်တွေ ရှိသေးသလားလို့ စူးစမ်းကြည့်ချင်စရာဖြစ်တယ်။

## 'Fluid War'

Fluid War ရဲ့ သဘောတရားဟာ ရန်သူကို သူ့တပ်ကိုသူ ဘယ်လို စီမံခန့်ခွဲရမယ်ဆိုတာ မသိအောင် (တပ်ပျက်သွားအောင်) အဓိက ရည်ရွယ်တိုက်ခိုက်တာဖြစ်တယ်။ နည်းဗျူဟာရဲ့အနှစ်ချုပ်က စစ်ပွဲရဲ့ ဦးတည်ချက်တခုကိုပဲ ဦးဆောင်အမိန့်ပေးသူ (Commander) က သတ်မှတ်ပေးလိုက်တာဖြစ်ပြီး ကျန်တဲ့အပိုင်းတွေကို လက်အောက်က တပ်ဖွဲ့တခုချင်းစီရဲ့ ခေါင်းဆောင်တွေက တိုက်ပွဲဦးတည်ချက်နဲ့ ဆီလျော်အောင် ပြောင်းလဲနေတဲ့ စစ်ပွဲရဲ့အခြေအနေကို သုံးသပ်ပြီး ကိုယ့်သဘောနဲ့ကိုယ် စီမံသွားလို့ ရတာမျိုးဖြစ်တယ်။ စစ်ပွဲရဲ့နည်းဗျူဟာမှာ အသေးစိတ် အချက်အလက်တွေ မပါဘူး။ ဒီတော့ ဗဟိုထိန်းချုပ် အမိန့်ပေးစနစ် မရှိတဲ့အဖွဲ့တွေ စုပေါင်းပြီးတိုက်တဲ့ လက်ရှိတော်လှန်ရေးရဲ့ ပျောက်ကြားစစ်အတွက် အသုံးတည့်တဲ့ သဘောဖြစ်တယ်။

Fluid War ရဲ့ အရေးပါတဲ့ အချက်တွေမှာ ထောက်လှမ်းရေး အချက်အလက်က ထိပ်ဆုံးကပါတယ်။ ရန်သူတပ်ရဲ့ အရေးပါတဲ့ သတင်းအချက်အလက် တချို့ကို အရင်ရထားဖို့လိုတယ်။ ဒီကမှ ရန်သူရဲ့ အားနည်းချက်ကိုကြည့်ပြီး ဒီတိုက်ပွဲမှာ ဘာကိုပဲ ရအောင်တိုက်ပါဆိုတဲ့ လမ်းညွှန်ချက်ကို ပေးလိုက်နိုင်မှာဖြစ်တယ်။ တိုက်ပွဲရဲ့လမ်းညွှန်ချက်ကို အဓိကတိုက်မယ့် အဖွဲ့ခွဲတခုတည်းက အာရုံစိုက်ရမှာမျိုးမဟုတ်ဘဲ ကျန်တဲ့အဖွဲ့ခွဲတွေကပါ ဒီရည်ရွယ်ချက်ကို ဝန်းရံ ဖြည့်ဆည်းပေးဖို့လိုမယ်။

နောက်ထပ် အရေးပါတဲ့ တချက်က ထောက်ပို့ဖြစ်တယ်။ အမြောက်လက်နက်တွေလိုမျိုး အသုံးပြုဖို့ လိုအပ်မယ်ဆိုရင် ပေါ့ပါးတဲ့ ကိုယ်နဲ့အတူ သယ်ယူသွားနိုင်တဲ့ဟာမျိုး ဖြစ်ဖို့လိုတယ်။ (အထိုင်ချထားရမယ့် လက်နက်မျိုး လိုအပ်တယ်ဆိုရင်လည်း တိုက်ပွဲနဲ့ နီးနိုင်သမျှ နီးတဲ့နေရာအထိ သယ်ယူပေးနိုင်တဲ့ ထောက်ပို့စနစ် ရှိနေဖို့လိုမယ်။) Fluid War မှာ နည်းဗျူဟာဟာ ပြုလွယ်ပြောင်းလွယ်ဖြစ်ဖို့ လိုတဲ့အတွက်ဖြစ်တယ်။ သွက်သွက်လက်လက် ပေါ့ပေါ့ပါးပါး တဆင့်ချင်း အထက်ရဲ့ အမိန့်ပေးလိုက်နာမှုမျိုးမရှိဘဲ ကိုယ့်ရည်ရွယ်ချက်ကို စစ်ပွဲရဲ့ အခြေအနေကိုကြည့်ပြီး ပြုလွယ်ပြောင်းလွယ် တိုက်ခိုက်သွားနိုင်တာမျိုးကို ဆိုလိုတယ်။

အင်အားပိုများတဲ့ စစ်တပ်ကို အလစ်အငိုက် တိုက်ခိုက်နိုင်တာမျိုးဖြစ်လို့ ပြင်ဆင်မှုလိုတယ်။ ဒီလိုတိုက်ပွဲတွေနဲ့ သင့်တော်တဲ့ အထူးသင်တန်းတွေလည်း လိုအပ်တယ်။ အမေရိကန် မရိန်းတပ်တွေမှာ အသုံးပြုလေ့ရှိပြီး ဘင်လာဒင်ကို ဝင်တိုက်တဲ့ စစ်ဆင်ရေးလိုမျိုးဟာ Fluid War ရဲ့ နမူနာတခုလို့ ရည်ညွှန်းကြတယ်။

## 'Liquid and Solid Warfare'

Liquid war ကတော့ ရန်သူ့နယ်မြေထဲအထိ မဝင်ဘဲ အဝေးကနေ ပစ်မှတ်ကို တိတိကျကျ တိုက်ခိုက်နိုင်တာမျိုးကို ဆိုလိုတာဖြစ်တယ်။ ဒရုန်းသုံး တိုက်ခိုက်တာမျိုးဟာ ဒီစစ်ထဲမှာ အကျုံးဝင်တယ်။ လက်ရှိမှာ စစ်တပ်ဘက်က ဗုံးကြဲ တိုက်ခိုက်နေတာမျိုးဟာ ဒီသဘောတရားပဲ။ Liquid War မှာ ရန်သူ့နယ် မြေကို သိမ်းပိုက်ဖို့ တိုက်တာမျိုးမဟုတ်ဘဲ ရန်သူ့တပ်နဲ့ အခြေခံအဆောက်အဦးတွေကို ပျက်စီးစေဖို့ဖြစ်တယ်။ တဘက်မှာ နယ်မြေ (territory) ထက် ဆက်ကြောင်း (network) ကို ဦးတည်တိုက်ခိုက်တဲ့ သဘောဖြစ်တယ်။

ဒီတိုက်ပွဲရဲ့ နောက်သဘောတရားက အဝေးကတိုက်တာဖြစ်လို့ စစ်ပွဲရဲ့အန္တရာယ်ဟာ ကိုယ့်တပ်ကနေ ရန်သူ့တပ် (နဲ့ ဆက်စပ်ပြီး အရပ်သားတွေဆီကို) ရောက်ရှိသွားတာဖြစ်တယ်။ ၂၁ ရာစုရောက်လာတော့ ဒီသဘောတရားကို အနောက်အစိုးရတွေက လစ်ဘရယ်သဘောတရားနဲ့ တည်ငြိမ်မှုအစဉ် (Liberal Order) ကို တခြားဒေသတွေကို ဖြန့်ကျက်ရာမှာ အသုံးပြုလာကြတယ်။ ကိုယ်တိုင်သွားတိုက်တဲ့ စစ်တွေဖြစ်တဲ့ ဗီယက်နမ်စစ်ကအစ နောက်ပိုင်း အီရတ်စစ်၊ အာဖဂန်စစ်တွေအထိ အမေရိကန်ဟာ အထိနာခဲ့တယ်။ ဒါကြောင့် လက်ရှိ ရုရှား-ယူကရိန်းစစ်မှာ ရုရှားက ယူကရိန်းကို ဝင်တိုက်ဖို့ ပြင်ဆင်နေချိန်မှာ ဘိုင်ဒင်အစိုးရက သတင်းရခဲ့ပေမယ့် စစ်ပွဲကိုမရှောင်ဘဲ တမင် ဖိအားပေးခဲ့ပြီး ယူကရိန်းတပ် (နဲ့ ဥရောပ အထောက်အပံ့ကို ပါယူပြီး) အမေရိကန်က ရုရှားကို proxy war (သူ့စစ်တပ်မသုံးဘဲ ကြားခံတပ်နဲ့) တိုက်တယ်လို့ ယူဆချက်တွေလည်း ရှိတယ်။ ဒါမျိုးကိုလည်း Liquid War အနေနဲ့ သတ်မှတ်နိုင်တာမျိုးဖြစ်တယ်။

ကိုယ်တိုင်သွားမတိုက်တဲ့စစ် (Liquid War) တွေရဲ့ အဓိကအကျဆုံး လိုအပ်ချက်ဟာ တိကျအောင်တိုက်နိုင်တဲ့ လက်နက်တွေဖြစ်တယ်။ ဒါမှ အရပ်သား ထိခိုက်သေဆုံးမှုကို ကာကွယ်နိုင်မှာဖြစ်တယ်။ နောက်ပိုင်းစစ်ပွဲတွေမှာ ဒရုန်းတွေမှာ လက်နက်တွေတပ်ပြီး အဝေးကထိန်းချုပ်ပြီး ပစ်တာမျိုးတွေပါ လုပ်လာကြတာ တွေ့ရမယ်။ တော်လှန်ရေးတပ်တွေဘက်က လေယာဉ်ကွင်းတွေကို ရှော့တိုက်ဒရုန်းတွေနဲ့ ပစ်တာဟာ တိကျမှု လိုအပ်နိုင်ပေမယ့် liquid war သဘောတရားပါပဲ။

တချို့စစ်ပွဲတွေ ဥပမာ နာဂိုရို-ကာရာဘက်ချ် နယ်မြေပိုင်ဆိုင်မှု အငြင်းပွားပြီး အဇာဘိုင်ဂျန်နဲ့ အာမေးနီးယား ဖြစ်တဲ့စစ်ပွဲ (၂၀၂၀) မှာ အဇာဘိုင်ဂျန်ဘက် က ပစ်မှတ်တိကျတဲ့ ဒရုန်းတွေကို သုံးတိုက်ပေမယ့် တပြိုင်နက်တည်းမှာ မြေပြင်ထိုးစစ်တွေပါ လုပ်ခဲ့တယ်။ ဒရုန်းအသုံးပြုမှုဟာ ရန်သူ့နယ်မြေကို အပိုင်သိမ်းယူဖို့ အထောက်အကူပြုအောင်တိုက်တဲ့သဘောဖြစ်လို့ ဒီလိုတိုက်ခိုက်မှုမျိုးကို Liquid War ထက် Solid War လို့ပဲ သတ်မှတ်တယ်။ အကောင်အထည်စစ် (Solid War) ကတော့ နယ်မြေကို ထိန်းချုပ် သိမ်းပိုက်နိုင်တဲ့အထိ တိုက်တာမျိုးကို ဆိုလိုတယ်။ မြောက်ပိုင်း ၃ ဖော် တိုက်ခဲ့တဲ့စစ်တွေဟာ Solid War တွေဖြစ်တယ်ဆိုတာ ထင်ရှားတယ်။

Liquid နဲ့ Solid စစ်ပွဲတွေနဲ့ ပတ်သက်လို့ ထင်ရှားတဲ့ သဘောတရားပညာရှင်က ဘိုးမင်း (Zygmunt Bauman) ပါ။ သူ့ရဲ့ Liquid Modernity စာအုပ်မှာ စစ်ပွဲတွေဟာ လေးလံ (Heavy) တဲ့ အစိုင်အခဲ (Solid) အခြေအနေကနေ ပေါ့ပါး (Light) ပြီး ရွှေ့ပြောင်းစီးဆင်းရလွယ်တဲ့ အရည် (Liquid) ပုံစံကို ပြောင်းလဲလာခဲ့တယ်လို့ ဆိုတယ်။ ဖူးကိုးရဲ့ ပင်နိုပတီကွန် (Panopticon) သဘောတရားနဲ့ Solid War ကိုချိတ်ဆက်ပြီး နယ်မြေသိမ်းပိုက်မှုဟာ တချို့နေရာမှာ တာဝန်ယူဖို့လိုအပ်လာတဲ့ ဝန်ထုပ်ဝန်ပိုးတွေပါ ပါလာတယ်လို့ ထောက်ပြခဲ့တယ်။ ခေတ်မီလွတ်လပ်တဲ့ ကုန်သွယ်ရေးမှာ နယ်မြေကို သိမ်းပိုက်ထားတာထက် အဲဒီနယ်မြေကို ကောင်းစွာ ဝင်ထွက်သွားလာနိုင်ဖို့ (နဲ့ ဈေးကွက်ကို စီးနင်းထားနိုင်ဖို့) က ပိုအရေးပါတဲ့သဘောကို တင်ပြတယ်။ တရုတ်ရဲ့ ကျောက်ဖြူနဲ့ အိန္ဒိယသမုဒ္ဒရာထွက်ပေါက်၊ BRI ပရောဂျက်၊ ထရမ့်ရဲ့ ပနားမားတူးမြောင်းကို တရုတ် အထိန်းချုပ်မခံဖို့ ဆိုတဲ့သဘောထားတွေနဲ့ ဆက်စပ်ကြည့်နိုင်တယ်။

ဒီဆောင်းပါးမှာတော့ ဒီစစ်ပွဲ နှစ်မျိုးရဲ့ အဓိကနောက်ခံမှာရှိတဲ့ အချက်ဟာ နယ်မြေ (Space) ကို ဘယ်လိုသဘောထားမလဲဆိုတာ တင်ပြလိုရင်းသာဖြစ်တယ်။

## 'အချိန်နဲ့ နေရာ'

တော်လှန်ရေးနဲ့ ဆက်စပ်နေတဲ့ အပိုင်းကို ပြောရရင်တော့ သိမ်းပိုက်ထားဖို့လိုတဲ့ နယ်မြေ (Space) ပေါ်ကို ထားတဲ့သဘောထားနဲ့ တော်လှန်ရေး ဆက်သွားရမယ့်အချိန် (Time) ပေါ်ကို မူတည်ပြီး အပြန်အလှန် ချင့်ချိန် တွက်ချက်ကြည့်ကြဖို့ဖြစ်တယ်။ တနည်း လက်ရှိတော်လှန်ရေးမှာ အချိန်က ပိုအဓိကကျတယ်ဆိုရင် အဲဒီအချိန်အတွင်း ထိရောက်အောင်မြင်ဖို့ ဘယ်နယ်မြေတွေကို ဘယ်လိုသဘောထားမလဲ ဆိုတာဖြစ်တယ်။ ဒီကမှ စစ်ပွဲချည်းသက်သက်နဲ့ စစ်နဲ့နိုင်ငံရေးအတွဲအစပ်ရဲ့မဟာဗျူဟာဟာ ပုံပေါ်လာမယ်လို့ ယူဆတယ်။



# ပြည်သူ့ကာကွယ်ရေးတပ်မတော်၏ စံတန်ဖိုးများ

ပြည်သူ့ကာကွယ်ရေးတပ်မတော်သည် -

(က) အရပ်သား နိုင်ငံရေးဦးဆောင်မှုအောက်တွင်ရှိခြင်း၊
(ခ) နိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက်မှု ကင်းရှင်းခြင်း၊
(ဂ) ပြည်သူလူထုကို ဗဟိုပြုခြင်း၊
(ဃ) သစ္စာစောင့်သိခြင်း၊
(င) စည်းကမ်းလိုက်နာမှုကို တန်ဖိုးထား ဂုဏ်ယူခြင်း၊
(စ) သတ္တိဗျတ္တိရှိခြင်း၊
(ဆ) တာဝန်ဝတ္တရားကို လေးစားတန်ဖိုးထားခြင်း၊
(ဇ) ရဲဘော်ရဲဘက်စိတ်ရှိခြင်း၊
(ဈ) ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊
(ည) ပြည်သူ့အမှုထမ်းစိတ်ရှိခြင်း၊
(ဋ) အားလုံးပါဝင်ခြင်းနှင့် ခွဲခြားနှိမ့်ချမှုမရှိခြင်းတို့သည် အစဥ်ကိန်းအောင်းလိုက်နာရမည့်ပြည်သူ့ကာကွယ်ရေး တပ်မတော်၏ စံတန်ဖိုးများ ဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာန၊
ပြည်သူ့ကာကွယ်ရေးတပ်မတော်(PDF) စစ်ရုံးချုပ်မှ ထုတ်ဝေသည့်

# ကာကွယ်ရေးစာစဉ်

တစ် လ တစ် ကြိမ် ထုတ် ဝေ သည်။

နှင့်

# စစ်သတင်းလွှာ

တစ် ပတ် တစ် ကြိမ် ထုတ် ဝေ သည်။

များတွင် ထည့်သွင်းဖော်ပြနိုင်ရန်
စာမူများကို အောက်ပါ Signal / Telegram နံပါတ်များသို့ ပေးပို့နိုင်ပါသည်။

■

Signal username - arkarmoemyint054.86

Telegram - @moremyintkyaw

အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာန၊
ပြည်သူ့ကာကွယ်ရေးတပ်မတော်(PDF) စစ်ရုံးချုပ်မှ
တစ်လတစ်ကြိမ် ထုတ်ဝေသည်။